# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 7 March 2024 ၁၁၃၉၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေး ဒုတိယနေ့ ကျင်းပ



အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

**ရန်ကုန် မတ် ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


## မန္တလေးမြို့၌ ကွန်ဒိုအငှားဈေးကွက် တွင်ကျယ်နေပြီး ဆိုင်ခန်းငှားရမ်းမှုလည်း တိုးလာ

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်တစ်ခုဖြစ်သည့် မန္တလေးမြို့တွင် ကွန်ဒိုအငှားဈေးကွက် တွင်ကျယ်နေပြီး ဆိုင်ခန်းငှားရမ်းမှုလည်း တိုးလာကြောင်း အဆိုပါမြို့အခြေစိုက် အိမ်ခြံမြေလုပ်ငန်းများထံ ဆက်သွယ်မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

**မြေအငှားဈေးကွက်တွင်ကျယ်လျက်ရှိ**

"အရောင်းအဝယ်တွေကတော့ အခုလောလောဆယ်လိုက်တော့ကြည့်နေကြတယ်။ ကျွန်မတို့က မြေအရောင်းအဝယ်တွေလည်းလုပ်တယ်ဆိုတော့ အရောင်းအဝယ်၊ အငှားဈေးကွက်တွေက ရှိပြီးသားပါ။ အငှားတွေလည်းရှိတယ်။ ကျွန်မတို့က မန္တလေးကိုပဲ အဓိကလုပ်တာဆိုတော့ မြေကွက်တို့၊ ကွန်ဒိုတို့က မန္တလေးမှာကျတော့ ငှားကြတာများတယ်။ ကွန်ဒိုဝယ်တာတွေလည်းရှိတယ်။ ဈေးကွက်က မန္တလေးမှာဆို မနော်ဟရီဘက်တွေမှာ မြေကွက်အများဆုံး ငှားကြတယ်။ ဆိုင်ဖွင့်ဖို့လည်း ကြိုက်ကြတယ်"ဟု


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြု

စာမျက်နှာ » ၄

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍများအတွက် အထောက်အကူပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၇

မြတ်စွာဘုရားရှင်က ရာဟုလောဝါဒသုတ်မှာ သားတော်ရာဟုလာကို "သိလျက်နှင့်မုသားဆိုရန် အရှက်မရှိသောသူအား မပြုလုပ်ဝံ့သော မကောင်းမှုဟူ၍မရှိတော့ပေ။ ထို့ကြောင့် ဤသာသနာတော်ဝယ် ရယ်မောပြောင်လှောင်သောသဘောဖြင့်ပင် မုသားစကားမပြောမိအောင်စောင့်စည်းပါလော့"ဆိုပြီး ပရိယာယ်မပါ၊ မာယာမနှော၊ ဟုတ်တိုင်းမှန်စွာ ပြောဆိုနိုင်ရေးအတွက် ဆိုဆုံးမတော်မူခဲ့

ဆောင်းပါး စာမျက်နှာ » ၆

ရွှေဘိုဈေးကွက်သို့ မြေပဲလုံးဆန်များ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်

စာမျက်နှာ » ၁၈

ကြေးမုံ

# ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေး ပူးပေါင်းလက်တွဲမြှင့်တင်ကြိုးပမ်း

မြန်မာနိုင်ငံမှထွက်ရှိသော လယ်ယာ၊ သား၊ ငါးထွက်ကုန်များကိုပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက်တိုးချဲ့နိုင်ရေးတို့ကို ကဏ္ဍပေါင်းစုံမှ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးသည် အရေးကြီးသည့်အချက် ဖြစ်သည်။ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန်အတွက် လုပ်ထုံးလုပ်နည်း၊ မူဝါဒများ၊ စီမံကိန်းများ အဆင်ပြေချောမွေ့ရေးသည် အရေးပါသည့် သော့ချက်ဖြစ်သည်။

ပြည်တွင်း၌ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး ကုန်ပစ္စည်းများ ချောမွေ့လွယ်ကူစွာ ဆောင်ရွက်နိုင်မှ တည်ငြိမ်သည့် ကုန်စည်စီးဆင်းမှု ဖြစ်လာစေမည်။ ယခုအခါ ပြည်ပဝယ်လိုအား ကောင်းမွန်လာသဖြင့် ဈေးကောင်းရသော အစေ့ထုတ်ပြောင်း၊ မတ်ပဲ စသည့်လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ကုန်ပစ္စည်းများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရန် စီစဉ်ပေးနိုင်သည်နှင့်အမျှ ထုတ်လုပ်သူနှင့် ဝယ်လိုအား၊ ရောင်းလိုအား ကွင်းဆက်တစ်လျှောက် ပတ်သက်သူများအားလုံး အကျိုးအမြတ်ရကြမည့်အပြင် နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

ပြည်ပပို့ကုန်များနှင့်ပတ်သက်၍ ကုန်သွယ်ဖက်နိုင်ငံများနှင့် လိုက်လျောညီထွေရှိစေရန်နှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန်အတွက် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များ၊ စည်းကမ်းသတ်မှတ်ချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များကို အပြန်အလှန်လိုက်နာကြရန်၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်၊ သား၊ ငါးကဏ္ဍထုတ်ကုန်များ၏ ကုန်သွယ်မှုအခြေအနေများနှင့် တွေ့ကြုံရသောအခက်အခဲများကို သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်းပြီး လေ့လာအဖြေရှာကြရန်၊ အမှန်လေ့လာသိရှိရသည့် ရလဒ်များအပေါ်အခြေခံ၍ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကို အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး နိုင်ငံတော်က တိုက်တွန်းထားသည်။

ကုန်စည်စီးဆင်းမှုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသောကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ ကုမ္ပဏီ ၁၃၀၁ ခုမှ အမေရိကန်ဒေါ်လာ ၂၈၃ ဒသမ ၃၆ သန်း၊ တရုတ်ယွမ်ငွေ ၃၂၁ ဒသမ ၈၀ သန်းနှင့် ထိုင်းဘတ်ငွေ ၈၇၆ ဒသမ ၁၅ သန်း ရရှိခဲ့သည်။ ကာလတူဖြစ်သော ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ ကုမ္ပဏီ ၂၁၅ ခုမှ အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၁၄ သန်း၊ တရုတ်ယွမ်ငွေ ၁၀၉ သန်းနှင့် ထိုင်းဘတ်ငွေ ၁၈၇ ဒသမ ၆၇ သန်း ရရှိခဲ့သဖြင့် ကာလတူထက် ကုမ္ပဏီ ၁၀၈၆ ခုမှ အမေရိကန်ဒေါ်လာ ၂၃၈ ဒသမ ၂၂ သန်း၊ တရုတ်ယွမ်ငွေ ၂၁၂ ဒသမ ၈၀ သန်းနှင့် ထိုင်းဘတ်ငွေ ၆၈၈ ဒသမ ၄၈ သန်း ပိုမိုရရှိခဲ့ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်း ၃၅ ခုကို ၂၀၁၇ ခုနှစ်မှစတင်၍ ၂၀၂၃ ခုနှစ်အထိ အကောင်အထည်ဖော်ရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၈ သန်း ရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉ သန်းဖြင့် ၂၀၂၃ ခုနှစ်အတွက် စီမံကိန်းလေးခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သိရသည်။ မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ပြည်ပပို့ကုန် သဘောတူစာချုပ်များ လက်မှတ်ရေးထိုး၍ အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများ အောင်မြင်အောင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား လက်မှတ်ရေးထိုးပြီးဖြစ်သည့် အပင်ပိုးမွှား ရောဂါကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်များနှင့် ဆက်လက်ရေးထိုးမည့် သဘောတူစာချုပ်များသည် နှစ်နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်အခွင့်အလမ်းများကို ထိရောက်စွာ ဖော်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းများတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး လုပ်ထုံးလုပ်နည်းများ လေ့လာဆန်းစစ်နိုင်ရန်၊ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍတွင် စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် စသည့်အချက်များ ပါဝင်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်မှုများသည် စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်များ၊ လက်ကားရောင်းချသူများနှင့် ဆက်စပ်အဖွဲ့အစည်းများအားလုံး ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေးဆိုင်ရာနည်းပညာများ၊ အသိပညာများ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းများကို များစွာအထောက်အကူပြုလျက်ရှိပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။




## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆-၃-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၁,၁၁၅ | ၉,၁၄၃,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၁,၃၂၃ | ၃,၈၄၁,၇၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၅၄ | ၄၁၅,၈၀၀ |
| FPB | ၁,၅၅၀ | ၁,၅၀၀ | ၆၈ | ၁၀၅,၂၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၃ | ၇,၅၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၂၂၅ | ၃၉၃,၇၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၈၃၃ | ၁,၄၅၇,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့်ရွှေစင်ရွှေပြားကပ်လှူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန် ပထမဖောင်းရစ်ဧရိယာ (၃၄၈၅.၈၇) စတုရန်းပေအား ရွှေစင်ရွှေပြားလိုအပ်သည့် အချပ်ရေမှာ (၃၄၈၅)ချပ် ဖြစ်ပါသည်။ ၂၉-၂-၂၀၂၄ ရက်နေ့အထိ အလှူခံရရှိပြီးသော အချပ်ရေမှာ (၅၂၆)ချပ်သာ ဖြစ်ပါသည်။ လိုအပ်နေသော ရွှေစင်ရွှေပြား (၂၉၅၉)ချပ်ကို (၁)ချပ်လျှင် ၂၅၀၀၀၀၀/- (ကျပ်နှစ်ဆယ့် ငါးသိန်းတိတိ)ဖြင့် ပါဝင်လှူဒါန်းနိုင်ပါသည်။

လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန်အတွက်လည်း စေတနာရှင်များ လူကိုယ်တိုင်(သို့) အောက်ပါဘဏ်စာရင်းတွင် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

လုံးတော်ပြည့် ရွှေသင်္ကန်း၊ ရွှေစင်ရွှေပြားကပ်လှူရန် **“ပထမ”** အကြိမ် အလှူငွေပေးအပ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။

သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် ကြွရောက်လှူဒါန်းပူဇော်နိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

နေ့ရက် - ၁၂-၃-၂၀၂၄ (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်) အင်္ဂါနေ့
အချိန် - မွန်းလွဲ (၁) နာရီ
နေရာ - စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံ။

❖ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

(၁) ဦးမောင်မောင် (ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)
ဖုန်း - ၀၉-၄၀၄၄၃၄၄၉၉
(၂) ဦးထွန်းကြည် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)
ဖုန်း - ၀၉-၅၁၃၅၆၉၈
(၃) ဦးကြည်လွင် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)
ဖုန်း - ၀၉-၂၅၀၇၉၇၄၁၇
(၄) ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ရုံး
ဖုန်း - ၀၉-၄၄၂၂၅၂၆၇၀
(၅) ပျဉ်းမနားမြို့၊ မြန်မာ့စီးပွားရေးဘဏ်
စာရင်းအမှတ် (CF – 000873) သို့လည်း တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။
(၆) AYA Pay (Merchant ID. 20044314)

ရွှေစင်ရွှေပြားကပ်လှူရေး
အလှူငွေလက်ခံရေးဆပ်ကော်မတီ



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

❂ ရွှေဖုံးမှ

ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပဉ္စမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တစန္ဒကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ Ph.D ဒေါက်တာဘဒ္ဒန္တသူရိယကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပဉ္စမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပဉ္စမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အတည်ပြုချက်ရယူပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက အဋ္ဌတိံသတိမ (၃၈)ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**

❖ မန္တလေးမြို့မှ

Khin Myanmar Real Estate & Property မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကွန်ဒိုအဝယ်၊ အငှား လိုက်ကြည့်သူများလည်းရှိ**

လက်ရှိကာလတွင် နွေရာသီရောက်ရှိနေပြီဖြစ်သဖြင့် မနော်ဟရီဘက်တွင် မြေအငှားဈေးကွက် တွင်ကျယ်လျက်ရှိသည့်အပြင် ကွန်ဒိုအဝယ်၊ အငှား လိုက်ကြည့်သူများလည်း ရှိနေကြောင်း သိရသည်။

“ကွန်ဒိုငှားခတွေကတော့ ကျပ် ၁၂ သိန်းကနေ သိန်း ၃၀ အထက်ပါ။ ကွန်ဒိုတွေကတော့ ဂါးဒင်းစီးတီး၊ အဆာပဟိ၊ ဂရန်းဗီလာ၊ စီးတီးမင်္ဂလာ စတဲ့နေရာစုံမှာရှိတယ်။ မြို့ပြင် တံခွန်တိုင်ကို လိုချင်တာလား၊ ဈေးချိုဘက်ကိုလိုချင်တာလား၊ မြို့ထဲပိုင်းကို လိုချင်တာလား၊ မြို့သစ်ကုန်းကို လိုချင်တာလား”ဟု ၎င်းကပြောသည်။

မနော်ဟရီဘက်တွင် ဈေးဆိုင်များ၊ ရှော့ပင်းစင်တာများလည်း ရှိသဖြင့် ဆိုင်ခန်းငှားသူများ ပိုမိုသဘောကျကြကြောင်း သိရသည်။

“ မနော်ဟရီဘက်ကတော့ ဈေးအများဆုံးပဲ။ ဆိုင်ခန်းအငှားဆို ပေ ၅၀၊ ပေ ၆၀ ဆိုရင် ကျပ်သိန်း၅၀၊ သိန်း ၆၀ ပါ။ အာရ်စီဆိုရင် သိန်း ၆၀ လောက်ခေါ်ကြတယ်” ဟု အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောသည်။

**သစ်တော်**

# မိုင်းဆတ်မြို့နယ်၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**မိုင်းဆတ် မတ် ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများမှ မိုင်းယန်း(၂)ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဝေ့၊ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်၊ မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် မိုင်းယန်း(၂)ကျေးရွာတွင် အလျား ၃၆ ပေ၊ အနံပေ၂၀၊အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာ တင်ပြချက်များအအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



မိုင်းယန်း(၂) ကျေးရွာတွင် အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၁၆၀ကို အသုံးပြုကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ လူဦးရေ၃၅၆ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ ၂၂

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက

# လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြု



နေပြည်တော် မတ် ၆

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အလုပ်အကိုင်ဖန်တီးပေးနိုင်မည်**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခုနစ်ခုကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂၂၂ သန်းနှင့် ငွေကျပ် ၉၉၆၈၃ ဒသမ ၁၂၂ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၃၆၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံထား**

စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများကို စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ(၁/၂၀၂၄) အစည်းအဝေး ကျင်းပ





နေပြည်တော် မတ် ၆

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များနှင့်ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ ထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ (၁၄) ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ အတိုးနှုန်း သက်သာသော ချေးငွေများ ထုတ်ချေးပေးခဲ့ပြီး ချေးငွေများရယူခဲ့သည့်ဌာနနှင့် အဖွဲ့အစည်းများက သက်ဆိုင်ရာ နှစ်အလိုက် အရင်းနှင့်အတိုးငွေများ ပြန်လည်ပေးဆပ်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစီမံကိန်း ဆောင်ရွက်နိုင်ရေးအတွက် မူလလျာထားကေ ခြောက်သိန်းအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အဆိုပြုချက်အရ ဧက ၇ ဒသမ ၅၇ သိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီက ကြိုတင်ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီထုတ်ချေးခြင်းနှင့်ပြန်လည်ကောက်ခံခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရန်ပုံငွေမှထုတ်ပေးထားသည့် အရင်းမပျောက် မတည်ငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အကျိုးရှိစွာ စနစ်တကျ အသုံးချနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ယခုအစည်းအဝေးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးညှိနှိုင်းဖြေရှင်းပေးရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တင်ပြလာကြသော မတည်ရန်ပုံငွေထုတ်ချေးခြင်းဖြင့် ရရှိလာသည့် အတိုးရငွေအား ပြန်လည် ထုတ်ချေးခွင့်ပြုရန်ကိစ္စရပ်များနှင့် ပြန်လည်သုံးစွဲရန်ကိစ္စရပ်များ၊ လတ်တလော နယ်မြေဒေသ အခြေအနေအရ လုပ်ငန်းများရပ်ဆိုင်းသွားသဖြင့် ချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလနှင့် အတိုး/အရင်းငွေများကို ဆိုင်းငံ့ထားရန်ကိစ္စရပ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး ဝိုင်းဝန်းဆွေးနွေးပေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှု ကော်မတီဝင်များက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ နွေစပါး၊ ပဲတီစိမ်းချေးငွေထုတ်ချေးခဲ့မှုနှင့် ပြန်လည်ကောက်ခံရရှိမှု၊ မိုးစပါးချေးငွေ ထုတ်ချေးပြီးစီးမှု၊ ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေးချေးငွေထုတ်ချေးထားမှု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကတင်ပြလာသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် အားနည်းချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရေးနှင့် ချေးငွေထုတ်ချေးရေး လုပ်ငန်းစဉ်များအား ကြီးကြပ်ဆောင်ရွက်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေး ကြပြီး ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ကျောက်တန်း မတ် ၆

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် Autumn Dream Co.,Ltd. မှ မင်္ဂလွန်းကျေးရွာ ကုန်ထုတ်ဂဝံလမ်း နှစ်မိုင်ခင်းခြင်းနှင့် အဆိုပါ လမ်းပေါ်ရှိ တံတားနှစ်စင်း၊ Box-Culvert ငါးစင်း ဆောင်ရွက်ပြီးစီးမှုကို သန်လျင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စိုးစိုးမြင့်၊ ကျောက်တန်းမြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့် တာဝန်ခံအင်ဂျင်နီယာများက မတ်လ ၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**ကွင်းဆင်းစစ်ဆေး**

ထို့နောက် ကွန်းကျေးရွာ၊ ကမာကလုတ်ကျေးရွာ ရေသန့်စင် ဆောင်ရွက်ပြီးစီးမှု၊ မင်္ဂလွန်းကျေးရွာ၊ ခနောင်ကျေးရွာမြေသားရေကန် အနက်နှိုက်ခြင်းလုပ်ငန်းများ၊ နရွဲချောင်ကျေးရွာတွင် PESheetဖြင့် မြေသားရေကန်ခင်းခြင်းများ၊ မြေသားရေကန် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)ကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲတွင် သင်တန်းသားအရာရှိများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများအား အချိုးကျကိုယ်စားပြုစနစ်(PR)နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဝန်ထမ်းများနှင့် သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးခြင်းဖြစ်သည့်အတွက် လွှတ်တော်တွင်း ပါတီအများစုမှ ကိုယ်စားလှယ်များပါဝင်မှသာ နိုင်ငံ့အကျိုးအတွက် ပိုမိုဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်(PR) ကျင့်သုံးခြင်းဖြင့် FPTP စနစ်၏ အားနည်းချက်များကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ပြီး ယခင်ကကဲ့သို့ တစ်ပါတီလွှမ်းမိုးကြီးစိုးမှုမရှိဘဲ ပါတီများအနေဖြင့် ရွေးကောက်ပွဲတွင်ရရှိသည့် ဆန္ဒမဲအချိုးအရ ကိုယ်စားလှယ်များရရှိပြီး လွှတ်တော်အတွင်း ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စု ပါတီငယ်များ၏ ကိုယ်စားလှယ်များလည်း လွှတ်တော်သို့ဝင်ရောက်နိုင်သည့် အခွင့်အရေး ရရှိမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များ၏ဆန္ဒ၊ အခွင့်အရေးလည်း ပိုမိုရရှိပြီး ဆန္ဒမဲများ အလဟဿ လေလွင့်ဆုံးရှုံးမှု လျော့ပါးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးသည့် နိုင်ငံပေါင်း ၁၁၁ နိုင်ငံရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် PR စနစ် ကျင့်သုံးမည်ဖြစ်ရာ ဝန်ထမ်းအားလုံးသည် အဆိုပါစနစ်နှင့်ပတ်သက်ပြီး ကျွမ်းကျွမ်းကျင်ကျင်ဖြစ်နေရန် လိုအပ်သည့်အတွက် ထပ်ခါထပ်ခါ အကြိမ်ကြိမ်ဖတ်ရှုလေ့လာလေ့ကျင့်မှ လက်တွေ့ဆောင်ရွက်ရာတွင် ကျွမ်းကျင်လွယ်ကူမည်ဖြစ်ကြောင်း၊ ယနေ့ပို့ချချက်များနှင့်စပ်လျဉ်းပြီး သင်တန်းသားများအပါအဝင် ဝန်ထမ်းများအားလုံးအနေဖြင့် အလေးအနက်ထားလေ့လာမှတ်သားပြီးနောက် ရွေးကောက်ပွဲတိုင်သည်အထိ အကြိမ်ကြိမ်လေ့ကျင့်နေရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက အချိုးကျကိုယ်စားပြုစနစ်(PR)နှင့်စပ်လျဉ်း၍ Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာ သင်တန်းသားများနှင့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ



နေပြည်တော် မတ် ၆

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ရွှေဈေးကွက်တွင် စနစ်တကျရောင်းဝယ်နိုင်ရန်၊ စံချိန်စံနှုန်းနှင့် ဈေးနှုန်းအခြေခံသတ်မှတ်နိုင်ရေး၊ တရားဝင်ဆောင်ရွက်နိုင်သည့် ဈေးကွက်ဖော်ဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေဈေး၊ ငွေဈေးကစားပြီး ဈေးနှုန်းမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်သူများကို ဥပဒေနှင့်အညီ ကြီးကြပ်အရေးယူသွားမည်ဖြစ်ကြောင်း၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုအဖြစ် သတ်မှတ်ပါက ဥပဒေပါပြဋ္ဌာန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် လက်ရှိလုပ်ဆောင်ချက်များ၊ ကြီးကြပ်မှုများကို ပြန်လည်စိစစ်ရန်နှင့် စနစ်တကျထိန်းကျောင်းသွားရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ထို့နောက်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရွှေရောင်းဝယ်ရာ၌ မသမာမှုပြုလုပ်၍ ဈေးကစားမှုများအပေါ် ကြီးကြပ်အရေးယူမှုများ ဆောင်ရွက်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ အမိန့်ထုတ်ပြန်ရာတွင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုအဖြစ် သတ်မှတ်နိုင်ရေးအတွက် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ရန် လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများအနေဖြင့် ရည်ညွှန်းရွှေဈေးနှုန်း ထုတ်ပြန်ပြီး ကျော်လွန်ရောင်းချသူများကို အရေးယူနိုင်မည့်နည်းလမ်းများကို လည်းကောင်း၊ အစည်းအဝေးတက်ရောက်လာသူများက လိုအပ်သည့်အမိန့်များ ထုတ်ပြန်ရာတွင် ဦးစီးဆောင်ရွက်မည့်ဝန်ကြီးဌာန၊ ဆက်လက်ထိန်းချုပ်ကြီးကြပ်ကွပ်ကဲမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို သေချာစွာစနစ်တကျချမှတ်ဆောင်ရွက်သွားရမည့် အခြေအနေများကို လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက တည်ဆဲဥပဒေပြဋ္ဌာန်းချက်များ၊ ထုတ်ပြန်ထားသည့်အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး လက်ရှိဆောင်ရွက်ချက်များ၊ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လိုအပ်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်ရန် ဆက်လက်တင်ပြဆောင်ရွက်သင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ရွှေဈေးကွက်တည်ငြိမ်ခိုင်မာရေးအတွက် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ဆောင်ရွက်သင့်သည့် အစီအစဉ်များကိုလည်းကောင်း၊ တရားမဝင်ရောင်းဝယ်သူများကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့် ထိရောက်စွာအရေးယူနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအမံများကို လည်းကောင်း ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ရှိ သုတဆောင်အဆောက်အအုံ ပြင်ဆင်မွမ်းမံပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ရှိ သုတဆောင်အဆောက်အအုံ ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အဆောက်အဦအထူးအဖွဲ့(၂)မှ ဒုတိယညွှန်ကြားရေးမှူးက သုတဆောင်အဆောက်အအုံ ပြင်ဆင်မွမ်းမံပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သုတဆောင်အဆောက်အအုံ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်၊ အဆောက်အအုံ အမိုးလုပ်ငန်းဆောင်ရွက်ရာတွင် မိုးရေယိုစိမ့်မှုမရှိစေရေး စနစ်တကျဆောင်ရွက်သွားရန်နှင့် အဆောက်အအုံအတွင်းပိုင်း ပြန်လည်နေရာချထားရေးကို စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

**သတင်းစဉ်**

# လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ

**ခင်သန်းမြင့်**

**ကျွန်မတို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေဟာ မေတ္တာပို့သတဲ့အခါမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ လုံးစုံများစွာသတ္တဝါချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေအပြင် "လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ၊ အထင်သေးခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ ဆင်းရဲလိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ"ဆိုတဲ့ အပိုဒ်လေးပါထည့်သွင်းပို့သလေ့ရှိပါတယ်။**

ဘာကြောင့် "လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ"ရယ်လို့ ထည့်သွင်း မေတ္တာပို့သရပါသလဲ။ ငယ်စဉ်ကတော့ သိပ်နားလည်သဘောမပေါက်ခဲ့ဘူး။ အသက်အရွယ်ရလာတော့မှ ရှုပ်ထွေးပွေလီလှတဲ့ လူ့လောကဇာတ်ခုံပေါ်မှာ လူအချင်းချင်း လိမ်လည်လှည့်ပတ်မှုတွေ၊ မိမိအပြစ်တွေကို ဖုံးထားတဲ့မာယာ၊ ဂုဏ်မရှိ ဂုဏ်ရှိဟန်ဆောင်တဲ့ သာဓေ့ယျတွေမျိုးစုံကြုံတွေ့ သိမြင်လာမှ လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းနိုင်ရေးဟာ ဘယ်လောက်အရေးပါတယ်ဆိုတာ နားလည်သဘောပေါက်လာတော့တယ်။

**အွန်လိုင်းအသုံးပြု လိမ်လည်လှည့်ပတ်မှုတွေဟာ နယ်စည်းမခြားတော့**

မျက်မှောက်ခေတ်မှာဆို လူအချင်းချင်းကြားမှာ လိမ်လည်လှည့်ဖြားမှုတွေက ပိုများလာတယ်။ လူချင်းဆုံတွေ့စရာမလိုတော့ဘူး။ အွန်လိုင်းပေါ်ကပဲ လောင်းကစားမှုကအစ လူကုန်ကူးမှုတွေ၊ သတင်းတု၊ သတင်းမှားတွေနဲ့ ကောလာဟလဖြန့်ဝေမှုတွေ၊ အယောင်ဆောင်ငွေကြေးအကျိုးအမြတ်ရှာဖွေမှုတွေအဆုံး လိမ်လည်လှည့်ဖြားမှုမကောင်းမှုမျိုးစုံပါပဲ။ အွန်လိုင်းအသုံးပြုလိမ်လည်လှည့်ပတ်မှုတွေဟာ နယ်စည်းမခြားတော့ဘူး။ တရားမဝင် အွန်လိုင်းလောင်းကစားဂိမ်းတွေနဲ့ ငွေကြေးလိမ်လည်တဲ့ရာဇဝတ်ဂိုဏ်းတွေရဲ့ ပစ်မှတ်ကလည်း နိုင်ငံသားမရွေးတော့ဘူး။ အိမ်နီးချင်းနိုင်ငံသားအချို့သာမက မြန်မာနိုင်ငံသား အချို့လည်း ထိခိုက်နစ်နာမှုတွေ ကြုံတွေ့လာခဲ့ကြရတယ်။

ဘယ်လောက်များ ဆိုးရွားလာသလဲဆိုရင် နိုင်ငံတော်အစိုးရက တရားမဝင်အွန်လိုင်း လောင်းကစားမှုတွေနဲ့ငွေကြေးလိမ်လည်မှုတွေကို အိမ်နီးချင်းနိုင်ငံတွေနဲ့လက်တွဲပူးပေါင်း တိုက်ဖျက်ရတဲ့အထိပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂၃ ရက်နေ့က တရားမဝင် အွန်လိုင်း လောင်းကစားဂိမ်းတွေနဲ့ ငွေကြေးလိမ်လည်တဲ့ ဂိုဏ်းဖွဲ့ပြုလုပ်သူ ၆၈၉ ဦးကို တာချီလိတ်မြို့မှာ ဖမ်းဆီးရမိတဲ့ သတင်းတစ်ပုဒ်ဖတ်လိုက်ရတယ်။ တစ်ခါကုမ္ပဏီတစ်ခုအမည်နဲ့ အွန်လိုင်း ချေးငွေလုပ်ငန်းကိုအကြောင်းပြပြီး အွန်လိုင်းငွေကြေးလိမ်လည်မှု၊ ငွေကြေးအမြတ်ထုတ် ခြိမ်းခြောက်မှုတွေလုပ်ကိုင်နေတဲ့ တရားခံ ၁၃ ဦးကိုလည်း လက်တော့ပ် ၁၃၃ လုံး၊ ဖုန်း ၁၀ လုံး၊ မော်တော်ယာဉ် တစ်စီးနဲ့အတူ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၂၂ ရက်နေ့အတွင်းက ရန်ကုန်မြို့မှာ ဖမ်းဆီးရမိတယ်လို့ သိရှိရပြန်ပါတယ်။ ဒီအဖွဲ့အစည်းက စုစုပေါင်း ၉၁ ဦးလောက်နဲ့ ဖွဲ့စည်းတဲ့ အွန်လိုင်းချေးငွေလုပ်ငန်းကို အကြောင်းပြပြီး လိမ်လည်နေတဲ့ အဖွဲ့ဖြစ်တယ်လို့ သက်ဆိုင်ရာက ဆိုပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက "ကျွန်တော်တို့နိုင်ငံတော်အစိုးရအနေနဲ့ ကျွန်တော်တို့မြန်မာပြည်သူတွေရော၊ တခြားအိမ်နီးချင်းနိုင်ငံတွေရော ထိခိုက်စေတဲ့ Online လောင်းကစားမှု၊ Online ငွေရေးကြေးရေး လိမ်လည်မှုတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံတွေနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အမြစ်ပြတ်ချေမှုန်းသွားမှာဖြစ်ပါတယ်"လို့ ဆိုပါတယ်။

အွန်လိုင်းလိမ်လည်မှုတွေထက် ပိုပြီးဆိုးရွားတဲ့လိမ်လည်မှုတွေလည်း ရှိပါသေးတယ်။ ဒါကတော့ ပြည်ဖျက်မီဒီယာတွေနဲ့ မသမာသူတွေက လူမှုကွန်ရက်ကတစ်ဆင့် ရည်ရွယ်ချက်ရှိရှိ ကောလာဟလ၊ သတင်းတု၊ သတင်းမှားတွေကို ထုတ်လွှင့်နေမှုတွေပဲ ဖြစ်ပါတယ်။ သတင်းတု၊ သတင်းမှားတွေကြောင့် မီဒီယာအဆိပ်သင့်ခံရသူအများစုကတော့ အထူးသဖြင့် လူငယ်ထုပါ။ လတ်တလောဖေဖော်ဝါရီလ ၁၀ ရက်နေ့က စတင်အာဏာတည်ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့စပ်လျဉ်းပြီး ပြည်သူလူထုအတွင်း စိုးရိမ်ထိတ်လန့်မှုတွေဖြစ်ပေါ်လာအောင် အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိတဲ့ သတင်းတု၊ သတင်းမှား၊ ကောလာဟလတွေ ဆက်တိုက်ထုတ်လွှင့်ပြီး လူငယ်ထုတွေကို လမ်းမှားရောက်အောင် တွန်းပို့လျက်ရှိပါတယ်။

အကြမ်းဖက်၊ ပြည်ဖျက်တို့က မြန်မာနိုင်ငံအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲစေရန်၊ တည်ငြိမ်အေးချမ်းမှုကင်းမဲ့စေရန်၊ ပြည်သူလူထုနဲ့ လူ့အဖွဲ့အစည်းအတွင်း အကြောက်တရားနဲ့ စိုးရိမ်ထိတ်လန့်မှုတွေဖြစ်ပေါ်လာစေရန် လူမှုကွန်ရက်ပေါ်က တစ်ဆင့် ရည်ရွယ်ချက်ရှိရှိ ဖန်တီးလုပ်ဆောင်နေခြင်းဖြစ်တဲ့အတွက် ပြည်သူလူထုနဲ့ လူငယ်ထုအတွင်း မီဒီယာအဆိပ်သင့်မှုမခံရအောင် နိုင်ငံပိုင်မီဒီယာတွေကတစ်ဆင့် အသိပညာပေးမှုတွေကို လုပ်ဆောင်နေရပါတယ်။

**လိမ်ဖို့၊ ပတ်ဖို့ကိစ္စကိုဝန်မလေးကြတော့**

ဒီဘက်ခေတ်မှာ လူတွေဘယ်လောက်များ တရားလက်လွတ်ငှက်တောင်ကျွတ်ပြီး တရားမဲ့လာကြသလဲဆိုရင် လိမ်ဖို့၊ ပတ်ဖို့ကိစ္စကိုဝန်မလေးကြတော့ဘူး။ နိုင်ငံရေးလောကမှာဆိုရင် ထမင်းစားရေသောက်ကိစ္စတစ်ခုလိုဖြစ်လာတယ်။ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံကြီးတွေက နိုင်ငံရေးသမားအများစုဆိုရင် မိမိအာဏာရရှိရေး၊ အာဏာတည်မြဲရေးအတွက် ရွေးကောက်ပွဲအကြိုကာလတွေမှာ "အမေရိကန်ပြည်ကို ပြန်လည်ကြီးကျယ်သိက္ခာထည်လာအောင် ကျုပ်တို့လုပ်ပြနိုင်ပါတယ်" (We can make America great again)တို့၊ "အပြောင်းအလဲ" (Change)တို့၊ "အမေရိက ပထမ" (America First)တို့၊ "အတူတကွ အသစ်တစ်ဖန် စတင်ကြပါစို့" (Together … A New Beginning) တို့ စသဖြင့် ကြွေးကြော်သံတွေကိုယ်စီနဲ့ မဲဆန္ဒရှင် ပြည်သူတွေရဲ့စိတ်ကို နှိုးဆွပြီး မဲဆွယ်စည်းရုံးလေ့ရှိကြတယ်။

သို့ပေမယ့် တကယ်တမ်းရွေးကောက်ပွဲမှာ အနိုင်ရပြီး အာဏာလက်ကိုင်ရတဲ့အချိန်မှာတော့ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးလုပ်တတ်ကြတာ အစဉ်အလာတစ်ခုလိုဖြစ်နေပါပြီ။ မိမိမဲရရေးသည်သာအဓိက၊ မိမိပြောသမျှတွေ တကယ်လုပ်၊ မလုပ်ဆိုသည်မှာ နောင်ခါလာ နောင်ခါချေးသဘောပါ။

**အပြောတစ်မျိုး၊ အလုပ်တစ်မျိုး**

သမ္မတဂျင်မီကာတာက သမ္မတရာထူးလက်ခံစဉ်မှာ "ပြည်သူတွေကို ဘယ်တော့မှ လိမ်လည်ပြောကြား ညာဝါးမှာမဟုတ်ဘူး"လို့ ကတိပြုခဲ့ပေမယ့် အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဖြစ်ခဲ့ရုံမက သူ့ညီ ဘီလီကာတာက လစ်ဗျားနိုင်ငံက လာဘ်ငွေယူမှုနဲ့ပတ်သက်ပြီး တရားရေးဌာနနဲ့ အက်ဖ်ဘီအိုင်က အရေးယူအမှုဖွင့်တဲ့အခါမှာလည်း သူမသိပါဘူး၊ သိလည်း သူ့ညီကိုထိန်းလို့မရပါဘူး၊ ပြောဆိုဆုံးမဖို့ သူ့မှာဩဇာအာဏာမရှိပါဘူး၊ ဘူးခံခဲ့လို့ မဲဆန္ဒရှင်တွေရဲ့ ဒဏ်ခတ်မှုကိုခံရပြီး ဒုတိယအကြိမ် သမ္မတသက်တမ်းရွေးကောက်ပွဲမှာ ရှုံးနိမ့်သွားခဲ့ရတယ်။

သမ္မတ ရီဂင် ကလည်း "ကျုပ်ဟာ လိမ်တတ်ညာတတ်အောင်တော်သူမဟုတ်ပါဘူး"လို့ ဆိုခဲ့ပေမယ့် သမ္မတသက်တမ်းကာလမှာ အီရန်-အီရတ်စစ်ပွဲကာလအတွင်း လက်နက်တင်ပို့မှုတားမြစ်ပိတ်ပင်ခံထားရတဲ့ အီရန်ကိုတရားမဝင်လက်နက်ရောင်းချခဲ့ပါတယ်။ ရရှိတဲ့ ငွေကြေးအချို့ကို နီကာရာဂွါနိုင်ငံက လက်ဝဲအစိုးရကိုဆန့်ကျင်တိုက်ခိုက်နေတဲ့ ကွန်ထရာသူပုန်တွေကို တရားမဝင်လွှဲပြောင်းပေးပို့ခဲ့တဲ့အတွက် အတိတ်က သမ္မတနစ်ဆင်ရဲ့ ဝါးတားဂိတ်ပြဿနာလို အီရန်ဂိတ်ခေါင်းစဉ်နဲ့ ပြဿနာတက်ခဲ့ရပြန်ပါတယ်။

သမ္မတ နစ်ဆင် ကတော့ ရွေးကောက်ပွဲအကြိုမဲဆွယ်စည်းရုံးစဉ်ကာလမှာ ဗီယက်နမ်စစ်ပွဲကို အဆုံးသတ်နိုင်ရေးဆိုပြီး မဲဆွယ်စည်းရုံးခဲ့ပေမယ့် ဗီယက်နမ်အပြင် ကမ္ဘောဒီးယား နယ်စပ်ကိုပါ စစ်ဘောင်ချဲ့ပြီး ကျူးကျော်ဝင်ရောက်တိုက်ခိုက်လာတဲ့အတွက် အမေရိကန်ပြည်သူတွေက စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲတွေ ဆက်တိုက်ကျင်းပပြီး ပေးထားတဲ့ကတိအတိုင်း စစ်ရပ်စဲရေးကို ဆောင်ရွက်ပေးဖို့ သတိပေးခဲ့ရပါတယ်။ သို့ပေမယ့် ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီရုံးခန်းကိုဖောက်ထွင်းခဲ့တဲ့ ဝါးတားဂိတ်ပြဿနာမှာတော့ တစ်နိုင်ငံလုံးဆူပွက်ခဲ့ရာမှ နောက်ဆုံးမှာတော့ သမ္မတ နစ်ဆင်ဟာ အမေရိကန်သမိုင်းမှာ မကြုံစဖူး သမ္မတရာထူးက နုတ်ထွက်အရှုံးပေးလိုက်ရပါတယ်။

သမ္မတ ဂျော့ဒဗလျူဘုရှ် ဆိုလည်း ၂၀၀၃ ခုနှစ်မှာ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခွင့်ရအောင် တားမြစ်ထားတဲ့ အစုလိုက် အပြုံလိုက်သေကျေပျက်စီးစေမယ့် WMD လက်နက်တွေ ထုတ်လုပ်စုဆောင်းနေတယ်ဆိုတဲ့ မဟုတ်မမှန်အကြောင်းပြစွပ်စွဲပြီး အမေရိကန်ပြည်သူတွေကိုသာမက ကမ္ဘာ့ပြည်သူတွေကိုပါ လိမ်လည်လှည့်ပတ်ခဲ့ပါတယ်။

သမ္မတ ဘီကလင်တန်ကတော့ အိမ်ဖြူတော်ဝန်ထမ်း မော်နီကာလီဝင်စကီနဲ့ ဖောက်ပြန်ခဲ့တဲ့ လိင်အရှုပ်တော်ပုံကြောင့် ကမ္ဘာတစ်ခွင်ဟိုးလေးတကြော်ကြော်နဲ့ အရှက်တော်ပုံကွဲခဲ့ရပြန်ပါတယ်။

လက်ရှိသမ္မတ ဂျိုးဘိုင်ဒင်ကြီးလည်း ဂျင်မီကာတာက သူ့ညီတော်မောင်ကိုမထိန်းနိုင်သလို သားတော်မောင် ဟန်တာဘိုင်ဒင်ရဲ့ အဂတိလိုက်စားမှုတွေကို မထိန်းသိမ်းနိုင်ခဲ့ရုံမက သူကိုယ်တိုင်လည်း သူ့သားနဲ့အတူ အဂတိမကင်းတဲ့လုပ်ငန်းတွေမှာ ပါဝင်ပတ်သက်နေတယ်၊ သမ္မတကိုယ်တိုင် နိုင်ငံအချို့ရှိအဂတိကိစ္စတွေမှာ ထင်ပေါ်တဲ့ လုပ်ငန်းရှင်တွေနဲ့လည်း မကင်းရာမကင်းကြောင်းငြိစွန်းမှုတွေရှိနေတယ်ဆိုတဲ့စွပ်စွဲမှုတွေနဲ့ ရင်ဆိုင်နေရပြန်တယ်။

**နိုင်ငံရေးဆိုတာ**

မြန်မာ့နိုင်ငံရေးလောကမှာလည်း ခေတ်အဆက်ဆက်နိုင်ငံရေးသမားအချို့ရဲ့ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး လိမ်လည်လှည့်ပတ်မှုတွေ၊ အဂတိလိုက်စားမှုတွေရှိတာပါပဲ။ ဒါကြောင့်မို့ ဦးဘဘေကြီးက "နိုင်ငံရေးဆိုတာ အင်မတန်ညစ်ပတ်တဲ့အလုပ်"လို့ ပြောခဲ့သလို ရှေ့နေချုပ်ဦးသိန်းမောင်ကြီးကလည်း "ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ"ဆိုပြီး နိုင်ငံရေးမလုပ်တော့ဘဲ နိုင်ငံရေးလောကကထွက်ခွာသွားခဲ့တယ်။

တကယ်တော့ နိုင်ငံရေးနယ်ပယ်၊ မီဒီယာနယ်ပယ်၊ အွန်လိုင်းနယ်ပယ်မှ မဟုတ်ပါဘူး။ ဘယ်နယ်ပယ်၊ ဘယ်ကိစ္စမဆို လိမ်လည်လှည့်ပတ်ခြင်းအမှုဟာ မကောင်းပါဘူး။ ထိခိုက်နစ်နာသူတွေအဖို့ ဘဝနဲ့ချီပြီး ဆုံးရှုံးနစ်နာစေပါတယ်။ သို့ပေမယ့် မုသားမပါလင်္ကာမချောဆိုတဲ့ လူတန်းစားတွေက အခုခေတ်မှာအများသားလား။

လိမ်လည်လှည့်ပတ်ခြင်းဆိုတဲ့ မုသာဝါဒကံတွေက သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ သူများသားမယားအား ပြစ်မှားစော်ကားခြင်းဆိုတဲ့ အကုသိုလ်ကံတွေလောက် အပြစ်မကြီးဘူးလို့ အချို့ကထင်ကောင်းထင်ကြပေမယ့် မြတ်စွာဘုရားရှင်က ရာဟုလောဝါဒသုတ်မှာ သားတော်ရာဟုလာကို "သိလျက်နှင့်မုသားဆိုရန် အရှက်မရှိသော သူအား မပြုလုပ်ဝံ့သော မကောင်းမှုဟူ၍မရှိတော့ပေ။ ထို့ကြောင့် ဤသာသနာတော်ဝယ် ရယ်မောပြောင်လှောင်သောသဘောဖြင့်ပင် မုသားစကားမပြောမိအောင် စောင့်စည်းပါလေ့"ဆိုပြီး ပရိယာယ်မပါ၊ မာယာမနှော၊ ဟုတ်တိုင်းမှန်စွာ ပြောဆိုနိုင်ရေးအတွက် ဆိုဆုံးမတော်မူခဲ့ပါတယ်။

သို့ကြောင့်မို့ ကျွန်မတို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေအနေနဲ့ မေတ္တာပို့သရာမှာ "လူအချင်းချင်းလှည့်ပတ်ခြင်းကင်းရှင်းကြပါစေ" ဆိုရုံမက ကိုယ်တိုင်လည်း လှည့်ပတ်ခြင်းကင်းရှင်းစေဖို့ လိုက်နာကျင့်သုံးကြရမှာဖြစ်ပါတယ်။ ။

"လိမ်လည်လှည့်ပတ်ခြင်းဆိုတဲ့ မုသာဝါဒကံတွေက သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ သူများသားမယားအား ပြစ်မှားစော်ကားခြင်းဆိုတဲ့ အကုသိုလ်ကံတွေလောက် အပြစ်မကြီးဘူးလို့ အချို့ကထင်ကောင်းထင်ကြပေမယ့် မြတ်စွာဘုရားရှင်က ရာဟုလောဝါဒသုတ်မှာ သားတော်ရာဟုလာကို "သိလျက်နှင့်မုသားဆိုရန် အရှက်မရှိသောသူအား မပြုလုပ်ဝံ့သော မကောင်းမှုဟူ၍မရှိတော့ပေ။ ထို့ကြောင့် ဤသာသနာတော်ဝယ် ရယ်မောပြောင်လှောင်သောသဘောဖြင့်ပင် မုသားစကားမပြောမိအောင် စောင့်စည်းပါလေ့"ဆိုပြီး ပရိယာယ်မပါ၊ မာယာမနှော၊ ဟုတ်တိုင်းမှန်စွာ ပြောဆိုနိုင်ရေးအတွက် ဆိုဆုံးမတော်မူခဲ့"

# မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍများအတွက် အထောက်အကူပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍများအတွက် အထောက်အကူပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ၏ အတွေ့အကြုံများ လေ့လာခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ Grand Amara Hotel ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍများဆိုင်ရာ ဆွေးနွေးပြောကြားသူများ၊ အာဆီယံ – ဂျပန် ဗဟိုဌာနမှ ကိုယ်စားလှယ်များ၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်းနှင့် ဂျပန်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၊ UMFCCI နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အာဆီယံ–ဂျပန်ဗဟိုဌာန၏ အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်စား Programme Coordinator ဖြစ်သူ Dr. Nguyen Tuan Anh တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲကို အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်တို့က စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ရေရှည်တည်တံ့သည့် ခေတ်မီစိုက်ပျိုးရေးနှင့် အစားအစာစနစ်များဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ဆောင်ရွက်ကြသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက လျှပ်စစ်သုံးယာဉ်ကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး လျှပ်စစ်သုံးယာဉ်နှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများနှင့်စပ်လျဉ်းသည့် စီးပွားရေးအခွင့်အလမ်းများ နားလည်စေခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ဆောင်ရွက်ကြသည်။

ယခုဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ပတ်သက်သူများ၏ ခိုင်မာစွာလက်တွဲပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်လုပ်ကိုင်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံရှိစိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍနှင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် အနာဂတ်လက်တွဲပူးပေါင်းဆောင် ရွက်နိုင်ရေးတို့အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးလျှော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်(ဆင့်ပွား)သင်တန်းဖွင့်ပွဲနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ အောက်စီဂျင်ဆလင်ဒါများနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ




နေပြည်တော် မတ် ၆

သဘာဝဘေး လျှော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ် (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယခုသင်တန်းတွင် တက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသဘောတရားများကိုသေချာစွာနားလည်သဘောပေါက်မှသာ သဘာဝဘေး လျှော့ပါးရေးနှင့် တုံ့ပြန်ရေး လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရရှိသည့်အသိပညာ၊ ဗဟုသုတအတွေ့အကြုံများကို မိမိတို့မြို့နယ်များတွင် ကျရာကဏ္ဍမှပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစဝီလီဖရန့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဦးစီးဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သဘာဝဘေး လျှော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား) သင်တန်းကို သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီမှ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ အောက်စီဂျင်ဆလင်ဒါများနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် အောက်စီဂျင်ဆလင်ဒါနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အောက်စီဂျင် ဆလင်ဒါနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆီထွက်သီးနှံ၊ စက်မှုသီးနှံနှင့် နို့ထွက်ပစ္စည်း တိုးချဲ့ထုတ်လုပ်ရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက်ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ဆီထွက်သီးနှံနှင့် စက်မှုသီးနှံ တိုးချဲ့စိုက်ပျိုးနေမှု၊ စိုက်ပျိုးရေပေးဝေနေမှုနှင့် နေပြည်တော်အတွင်း နို့ထွက်ပစ္စည်းထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သန်လျင်မြို့နယ် ကံကြီးစုကျေးရွာ၌ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပဉ္စမအကြိမ် ထုတ်ချေး

သန်လျင် မတ် ၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းငွေများ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပထမဦးစွာ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က ကံကြီးစုကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အသင်းသား အသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်းအကြောင်းအရာများ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီထံသို့ လည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၄၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များက ကံကြီးစုကျေးရွာတွင် ပဉ္စမအကြိမ်မြောက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်း အသင်းသားအသင်းသူ ၄၆ ဦးအား လည်ပတ်ရန်ပုံငွေကျပ် သိန်း ၂၄၀ ကို အသင်းသားအသင်းသူများ၏ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂



# အင်းစိန်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မီးဘေးအန္တရာယ် အသိပညာပေး ဟောပြောခြင်းနှင့် သရုပ်ပြခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့်ဝန်ထမ်းများအား မီးဘေးအသိပညာပေးဟောပြောကာ အသိပညာပေး ပိုစတာများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး လက်တွေ့မီးငြိမ်းသတ်ရေး ဓာတ်တိုက်လေ့ကျင့် သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများ လာရောက်ပေးအပ်



နေပြည်တော် မတ် ၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်း မိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုပေးအပ်သည့် ငွေကျပ် သိန်း ၇၀ နှင့် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ပြည်ထောင်စုစာရင်းစစ်ချုပ်က တိုင်းမှူးထံ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးမြို့၊ ကဝမြို့နှင့် သနပ်ပင်မြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် မတ် ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ကဝမြို့နှင့် သနပ်ပင်မြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့်တာဝန်ရှိသူများက ပဲခူးမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

နေပြည်တော် မတ် ၆

(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲအား ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမနှင့် မှန်ဆောင်ခန်းမတို့၌ ကျင်းပသည်။

အဆိုပါ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့် အဆင့်(၄)ဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူ ၁၀၄ ဦး၏ ရေးဖြေ၊ နှုတ်ဖြေဖြေဆိုနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မော်လိုက်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ

နေပြည်တော် မတ် ၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ စိတ်ပျော်ရွှင်ကြည်နူး ချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ ဖျော်ဖြေရေးအဖွဲ့များက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြု ဖျော်ဖြေလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက မော်လိုက်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်း တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာ အတူတကွ ပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆို ဖျော်ဖြေပေးကြသည့် အဖွဲ့သူ အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကချင်ပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် ပူတာအိုမြို့နယ် သမဝါယမအသင်းစုတို့ ပူးပေါင်း၍ စားသုံးဆီများ ဖြန့်ဖြူးရောင်းချ

ပူတာအို မတ် ၆

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ကချင်ပြည်နယ် သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူများသက်သာသောဈေးနှုန်းဖြင့် အခြေခံစားကုန်များ ဝယ်ယူနိုင်ရန် ရည်ရွယ်၍ ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်နှင့် ပူတာအိုမြို့နယ် သမဝါယမအသင်းစုတို့ ပူးပေါင်း၍ ပူတာအိုမြို့နယ် မြို့မစည်ပင်သာယာဈေးတွင် တစ်ပတ်လျှင် တစ်ကြိမ် အများပြည်သူ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် စားသုံးဆီ ၈၂၇ ပိဿာကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်းနှင့် စဉ်ဆက်မပြတ် ရောင်းချဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



မုံရွာ မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄)ကို မတ် ၆ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့တက်ရောက်လာသူများ၏ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှု ကျား/မအခြေပြုအကြမ်းဖက်မှုပပျောက်ရေး အသိပညာပေး ဟောပြော



ပုသိမ် မတ် ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အကြိုလှုပ်ရှားမှု ကျား/မ အခြေပြုအကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၆ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က ကျား/မ အခြေပြုအကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဟောပြောကာ ဦးစီးဌာနအနေဖြင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့နာယကက သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆွေးနွေးပေးသည့် ဆရာတို့အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ဟောပြောပွဲသို့ တိုင်းဒေသကြီးအမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသင်းနှင့် သူနာပြုသင်တန်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ



နေပြည်တော် မတ် ၆

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းကော်မတီ အတွင်းရေးမှူး ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ အတွင်းရေးမှူး ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကော်မတီနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်များနှင့် ၂၀၂၄-၂၀၂၈ ခုနှစ် ဒုတိယ ငါးနှစ်တာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်းတို့ရှိ အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးတင်ပြကြကာ အစည်းအဝေးတက်ရောက်လာသည့် အဖွဲ့ဝင်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ UCMT CAREER FAIR 2024 ကျင်းပ

သန်လျင် မတ် ၆

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် UCMT CAREER FAIR 2024 ကို မတ် ၆ ရက် နံနက် ၁၀ နာရီက ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက အမှာစကားပြောကြားရာတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)အနေဖြင့် Bachelor of Business Science (B.BSc) ဘွဲ့ကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ Accounting and Finance, Marketing Management, Applied Statistics, Regional Development နှင့် Social Enterprise Management အထူးပြုဘာသာရပ် ငါးခုဖြင့် မွေးထုတ်ပေးလျက်ရှိရာ 4th Batch အထိ ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ဘဏ်များ၊ ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် မိမိတို့တက္ကသိုလ်မှ ဘွဲ့ရများနှင့် ကိုက်ညီမည့်လုပ်ငန်းခွင်များအတွက် ရွေးချယ်နိုင်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က "Harmonizing Skill Supply with Industry Demands" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး ဘဏ်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များက ၎င်းတို့ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများ၊ အနာဂတ်ရည်မှန်းချက်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခ၊ ခေတ္တဌာနမှူးများ၊ ဘာသာရပ်တာဝန်ခံများ၊ ဘဏ်နှင့် ကုမ္ပဏီအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်





# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တနိုင်းမြို့နယ်ရှိ ကျောင်းသား ကျောင်းသူ ၃၅၈ ဦး ဝင်ရောက်ဖြေဆိုမည်

တနိုင်း မတ် ၆

၂၀၂၄ ခုနှစ် မတ် ၁၁ ရက်မှ ၁၉ ရက်အထိ တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ကျင်းပမည်ဖြစ်ရာ ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ၃၅၈ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်သည်။

**ဝင်ရောက်ဖြေဆိုမည်**

တနိုင်းမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၌ ကျား ၁၁၉ ဦး၊ မ ၁၅၄ ဦးနှင့် ပြင်ပဖြေဆိုသူ ကျား သုံးဦး၊ မ ကိုးဦးရှိပြီး အခြေခံပညာအထက်တန်းကျောင်း ရှင်ဗွေယန်စာစစ်ဌာန၌ ကျား ၃၃ ဦး၊ မ ၃၆ ဦးနှင့် ပြင်ပဖြေဆိုသူ ကျား တစ်ဦး၊ မ သုံးဦး စုစုပေါင်း ၃၅၈ ဦးတို့က ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကို အဆင်ပြေအေးချမ်းစွာ ဖြေဆိုနိုင်ရေး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မနောမြေ(တနိုင်း)

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အမျိုးသမီးများကဏ္ဍတွင် မြှုပ်နှံပေး

လူ့လောကသို့ လူသားတို့ မွေးဖွားလာရာတွင် မိမိကိုယ်ကိုယောကျ်ားလေးအဖြစ် မွေးဖွားချင်သည် (သို့မဟုတ်) မိန်းကလေးအဖြစ် မွေးဖွားချင်သည် ဟူ၍ ရွေးချယ်ပိုင်ခွင့်မရှိသည့်အတွက် မိမိ၏လိင် သတ်မှတ်ချက်ဖြစ်တည်မှုအား ကျေနပ်နားလည် ရမည်ဖြစ်သည်။ လူတိုင်းသည် မွေးဖွားစဉ်ကတည်းက လွတ်လပ်စွာမွေးဖွားလာကြပြီး တူညီသည့် လူ့ဂုဏ်သိက္ခာများနှင့် စွမ်းရည်များရှိကြသည်ဖြစ်၍ အမျိုးသားများနည်းတူ အမျိုးသမီးများသည်လည်း တန်းတူအခွင့်အရေးများ ရရှိသင့်ပေသည်။

**မိသားစု၏ နေ့စဉ်ဘဝတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နေရသူများ**

အမျိုးသမီးများသည် သဘာဝလောကတရားအရ လူသားတစ်ယောက် မွေးဖွားလာရန်အတွက် အရေးကြီးသောတာဝန်ကို ထမ်းဆောင်ပေးနေရသောသူများ ဖြစ်ကြပါသည်။ မည်မျှပင်ထက်မြက်ကြီးကျယ်သော အမျိုးသားများဖြစ်ပါစေ ထိုသူတို့အား မွေးထုတ်ပေးခဲ့ပြီး ပြုစုပျိုးထောင်ပေးခဲ့သူသည် မိခင်ဟူသောအမျိုးသမီးများသာ ဖြစ်ကြပါသည်။ ထို့အပြင် အမျိုးသမီးများသည် မိသားစုတစ်စု၏ နေ့စဉ်ဘဝ စားဝတ်နေရေးနှင့် ကျန်းမာရေးကို ဦးစားပေးစဉ်းစားရသူ၊ သားသမီးများ၏ ပညာရေးအတွက် စဉ်းစားဆောင်ရွက်ပေးရသူ၊ သားသမီးများကို ဆုံးမပဲ့ပြင်ပြုစုပျိုးထောင်ပေးရသူ၊ မိသားစု၏ အသုံးစရိတ်များကို ခြိုးခြံချွေတာသုံးစွဲရသူ စသည့် မိသားစုအတွက် အနစ်နာခံရသူများအဖြစ် မိသားစု၏ နေ့စဉ်ဘဝတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နေရသူများ ဖြစ်ကြသည်။

**"မောင်တစ်ထမ်း မယ်တစ်ရွက်"**ဟူသော မြန်မာဆိုရိုးစကားနှင့် "စီးတဲ့ရေဆည်တဲ့ကန်သင်း" ဟူသောမြန်မာစကားပုံတို့သည် အိမ်ထောင်စုတစ်စုတွင် အမျိုးသားရော အမျိုးသမီးပါနှစ်ဦးစလုံး သူ့နေရာနှင့်သူ အရေးပါအရာရောက်ကြောင်းနှင့် နှစ်ဦးစလုံးတွင် ကိုယ်ပိုင်အရည်အချင်း စွမ်းရည် အပြည့်ရှိကြောင်းကို ဖော်ညွှန်းနေခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် မိသားစုတစ်စုတွင် အမျိုးသားများသည် အရေးပါသောသူများဟု သတ်မှတ်နိုင်သလို အမျိုးသမီးများသည်လည်း အရာရောက်သူ များဖြစ်သည်ဟု ဆိုနိုင်ပေသည်။

**"မြန်မာနိုင်ငံ လူဦးရေရဲ့ ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ အမျိုးသမီးများဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ အရေးပါတဲ့အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်တဲ့ လူသားအရင်းအမြစ်တွေ ဖြစ်ကြပါတယ်။ မြန်မာအမျိုးသမီးများဟာ လောကကိုတစ်ဖက်တစ်လမ်းက တာဝန်ယူသူများ၊ လူငယ်လူရွယ်များရဲ့ အနာဂတ်ကို လှပအောင်ဖန်တီးသူ ဥယျာဉ်မှူးများ ဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်တွေကို ပုံသွင်းထုဆစ်ပေးကြတဲ့ ဗိသုကာပညာရှင်များ ဖြစ်ကြပါတယ်"** ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ပေးပို့သည့် မိန့်ခွန်း၌ ဖော်ပြထားသည်။




**အရှက်အကြောက်တရားဖြင့် ထိန်းကျောင်း**

အမျိုးသမီးများသည် မကောင်းမှုဟူသမျှကို မကျူးလွန်မိစေရန် အရှက်အကြောက်တရားဖြင့် ထိန်းကျောင်းနိုင်ကြသူများဖြစ်သလို ကောင်းမှုဟူသမျှကိုလည်း ပြုလုပ်ရန်ဝန်မလေး၊ လက်မနှေးကြသူများ ဖြစ်ကြသည်။ ဟိရိဟူသော **"မကောင်းမှုကျူးလွန်ရန်ရှက်ခြင်း"** နှင့် ဩတ္တပ္ပဟူသော **"မကောင်းမှုကျူးလွန်ရန်ကြောက်ခြင်း"** စသည့် ဟိရိဩတ္တပ္ပတရားနှင့် ကြီးပြင်းလာကြသူများ ဖြစ်ကြသည်။ ထိုကဲ့သို့ အမူအကျင့်များကြောင့် အမျိုးသားများထက် အမျိုးသမီးများက နတ်ပြည်ပိုရောက်ကြသဖြင့် နတ်သားတစ်ပါးလျှင် နတ်သမီးငါးရာ ခြံရံသည်ဟု အရပ်ထဲတွင်ရယ်စရာဟာသအဖြစ် ပြောကြသည်ကို ကြားဖူးကြမည်ဖြစ်သည်။

ယခင်က အမျိုးသမီးများသည် မှီခိုဟူသော အမည်နာမဖြင့် ရပ်တည်ခဲ့ကြသော်လည်း ယခုအခါ နေထိုင်သည့်အရပ်၊ အလုပ်လုပ်ကိုင်သည့် နေရာပေါ်မူတည်၍ အကျိုးပြုပုံစံများ ကွဲပြားလာကြသည်။ ယနေ့အချိန်တွင် အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချမှတ်နိုင်သူ ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တတ်သိပညာရှင်များ၊ စာပေပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ သာမန်အောက်ခြေဝန်ထမ်းများ စသဖြင့် နယ်ပယ်အသီးသီး၊ ကဏ္ဍအစုံစုံတွင် လုပ်သားအင်အားစုများအဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကာလတွင် အမျိုးသမီးများသည် မောင်တစ်ထမ်း မယ်တစ်ရွက်အဖြစ် အိမ်ထောင့်တာဝန်ကိုသာမက အမျိုးသားများနှင့်ရင်ပေါင်တန်း၍ မိမိအကျိုးနှင့် အများအကျိုးကို သယ်ပိုးထမ်းဆောင်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထူးချွန်အမျိုးသမီးများ၊ အားကစားကဏ္ဍထူးချွန်အမျိုးသမီးများ၊ ပညာရေးကဏ္ဍမှ ထူးချွန်အမျိုးသမီးများ စသည့်နယ်ပယ်ကဏ္ဍအသီးသီးမှ ထူးချွန်အမျိုးသမီးများအား နှစ်စဉ်ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်ကို တွေ့ရှိရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

**အကြမ်းဖက်ခြင်းများကို ရင်ဆိုင်ကြုံတွေ့နေရ**

ထိုကဲ့သို့ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်နေသော်လည်း အခြားတစ်ဖက်တွင်လည်း လုပ်ငန်းခွင်အတွင်း အမျိုးသမီးများအား ခွဲခြားဆက်ဆံခံရမှုများ၊ အိမ်တွင်းအကြမ်းဖက်ခြင်းများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းများ၊ နည်းပညာပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများနှင့် ငွေကြေးပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများကိုရင်ဆိုင်ကြုံတွေ့နေရပါသည်။ အထူးသဖြင့် အိမ်ခြေရာမဲ့အမျိုးသမီးများ၊ လိင်လုပ်သားအမျိုးသမီးများ၊ မသန်စွမ်းသူ အမျိုးသမီးများနှင့် မိသားစုမှပစ်ပယ်ခံထားရသူ အမျိုးသမီးများသည် ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမူခံရခြင်းများကို ပိုမိုခံစားရလျက်ရှိပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟူသော ဝေါဟာရသည် အမျိုးသမီးများအား ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း သို့မဟုတ် လွတ်လပ်ခွင့်များ မတရားဆုံးရှုံးခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာထိခိုက်မှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဖွယ်ရှိသော သို့မဟုတ် ဖြစ်ပေါ်လာနိုင်သည့် ကျား/ မ ကွဲပြားမှုကိုအရင်းခံသည့် အကြမ်းဖက်မှုကို ဆိုလိုသည်"ဟုဖော်ပြပါရှိပါသည်။အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းအားလုံးက လက်ခံနိုင်ဖွယ်ရာမရှိသော၊ လက်သင့်မခံနိုင်သော၊ ခွင့်လွှတ်နိုင်ဖွယ်မရှိသော အကြမ်းဖက်မှုပင်ဖြစ်ပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည်

> "အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ထိပါးနှောင့်ယှက်ခံရမှု၊ အကြမ်းဖက်မှုများကြုံတွေ့နေရမှုအပေါ် ကျူးလွန်ခံရသူကို မိဘဆွေမျိုး၊ အိမ်နီးချင်းနှင့် ပတ်ဝန်းကျင်တို့က အပြစ်တင်ရှုတ်ချခြင်း၊ ပစ်ပယ်ခြင်းများမပြုလုပ်ဘဲ ကာကွယ်ဖေးမပေးခြင်း၊ စာနာနားလည်ပေးခြင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးတိုင်းအတွက်လိုအပ်သည့် လူမှုရေးအထောက်အပံ့ကောင်းများကို လွယ်လင့်တကူရရှိစေရန်ပံ့ပိုးပေးခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပေါ်လာပါက ရပ်တည်ကူညီပေးမည့် မိသားစု၊ အိမ်နီးချင်းအသိုင်းအဝိုင်းများ ဖြစ်လာစေရေး၊ အကြမ်းဖက်မှုကျူးလွန်သူများကို ပြစ်မှုနှင့်လျော်ညီထိုက်တန်သည့် ပြစ်ဒဏ်ချမှတ်ခြင်းစသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များကို ပြည်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရမည်"

**ကျော်တင့်(ရွှေခရမ်း)**

လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်သလို ဥပဒေအရ အရေးယူနိုင်သည့် ရာဇဝတ်မှုလည်း ဖြစ်သည်။ အမျိုးသမီးများ အကြမ်းဖက်မှုအဆုံးသတ်ခြင်းသည် အမျိုးသမီးများအတွက်သာ အကျိုးရှိမည်မဟုတ်ဘဲ တစ်မိသားစုလုံး၊ ရပ်ရွာတစ်ခုလုံးအတွက် အကျိုးရှိမည်ဖြစ်သည့်အပြင် ငြိမ်းချမ်းသာယာသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးနိုင်ရန်အတွက် နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုကာလအဖြစ်သတ်မှတ်ပြီး အကြမ်းဖက်မှုများပပျောက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ အသက် (၁၅ )နှစ်နှင့်အထက် အမျိုးသမီးစာတတ်မြောက်မှုနှုန်းသည် အမျိုးသားစာတတ်မြောက်မှုနှုန်းထက် ခြောက်ရာခိုင်နှုန်း လျော့နည်းပြီး အသက် (၁၅) နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်မှုနှုန်းတွင်လည်း အမျိုးသမီးလုပ်သားပါဝင်မှုနှုန်းသည် အမျိုးသားလုပ်သားပါဝင်မှုနှုန်းထက် အနည်းငယ်လျော့နည်းနေသည်ကို တွေ့ရှိရသည်။

**အမျိုးသမီးများ၏စွမ်းရည်များကို မြှင့်တင်**

ကိုဗစ်-၁၉ အလွန်ကာလ ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် အိမ်ခြေရာမဲ့အမျိုးသမီးများ၊ လိင်လုပ်သားအမျိုးသမီးများ၊ ပညာကိုဆက်လက်သင်ယူရန် အခွင့်အရေးမရရှိသည့် အမျိုးသမီးငယ်များ ပိုမိုများပြားလာသည်ကို တွေ့ရှိနေရပေသည်။ အဆိုပါ အချက်အလက်များအရ အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်များ၏ လူမှုစီးပွားဘဝအခြေအနေမြင့်မားရေးအတွက် ပညာသင်ကြားတတ်မြောက်ရေးကို မြှင့်တင်ပေးရန် လိုအပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် အလုပ်လုပ်နိုင်သည့်အရွယ် အမျိုးသမီးများ၏စွမ်းရည်များကို မြှင့်တင်ပေးရန် လိုအပ်သည်။

အမျိုးသမီးများ ကြုံတွေ့နေရသည့် အခက်အခဲ၊ အတားအဆီးများ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် လိုအပ်နေသော မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေအသစ်များကို ရေးဆွဲရန်လိုအပ်သလို တည်ဆဲဥပဒေများအနေဖြင့် အမျိုးသမီးများအတွက် ဥပဒေအရ ပိုမိုထိရောက်စွာ ကာကွယ်ပေးရန် လိုအပ်ချက်များရှိပါက လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။

ယခုခေတ်ကာလတွင် အမျိုးသမီးများအပေါ် နည်းပညာဆိုင်ရာ အကြမ်းဖက်မှုအဖြစ် ကွန်ပျူတာနှင့် ဆော့ဖ်ဝဲများကို အသုံးပြု၍သော်လည်းကောင်း၊ အီလက်ထရွန်နစ်ဆက်သွယ်ရေး ပစ္စည်းကိရိယာတစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း သတင်းအချက်အလက်များနှင့် ဓာတ်ပုံ၊ ဗီဒီယိုများကိုဖြန့်ဝေခြင်းနှင့် ဖလှယ်ခြင်းများကိုပြုလုပ်၍ အွန်လိုင်းအကြမ်းဖက်ခြင်းများ ပြုလုပ်လာကြသည်ကိုလည်း တွေ့ရသည်။ လူမှုမီဒီယာသုံးစွဲမှုများ လျင်မြန်စွာပျံ့နှံ့လာမှုနှင့်အတူ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုပုံစံအသစ်များလည်း ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ **စာမျက်နှာ ၁၁ သို့** ❂

# (၃၁) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၆**

သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖြစ်ထွန်းအောင်မြင်စေရန် အဓိကလိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ပြည့်စုံစွာအသုံးချနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင် ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ (၃၁) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို **"မြေအသုံးချမှု မှန်ကန် ရှေ့သို့လှမ်းရန် စနစ်မှန်"** ခေါင်းစဉ်ဖြင့် ကျင်းပသည်။



**အားလုံးပူးပေါင်းဆောင်ရွက်**

စကားဝိုင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မြေအသုံးချမှုကို မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်မှသာ ထုတ်လုပ်မှုတိုးတက်၍ စိုက်ပျိုးမွေးမြူရေးကဏ္ဍတစ်ခုလုံး အရှိန်အဟုန်ကောင်းစွာ တိုးတက်မည်ဖြစ်ကြောင်း၊ မြေဆီလွှာနှင့် ပတ်သက်သည့် မြေအမျိုးအစားခွဲခြားသတ်မှတ်ခြင်း၊ မြေဆီလွှာနှင့် သင့်တော်သည့်သီးနှံများ ရွေးချယ်စိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးကဏ္ဍ၊ ရေသတ္တဝါမွေးမြူထုတ်လုပ်ရေး ကဏ္ဍများတွင် မြေအသုံးချမှုမှန်ကန်စေရေး ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို လယ်ယာကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် မြေအသုံးချမှုမှန်ကန်စေရေးနှင့် အနာဂတ်တွင် စနစ်မှန်၊ နည်းမှန်ဖြင့် လျှောက်လှမ်းနိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတစ်ဝန်းလုံး၌ ကွင်းဖွဲ့မြေတိုင်းတာခြင်းလုပ်ငန်းအနေဖြင့် ကွင်းပေါင်း ၈၇၀၀၀ ကျော်၊ အကွက်ပေါင်း ၁၁၂၀၀ ကျော်၊ ဧရိယာအားဖြင့် ဧက ၅၂ ဒသမ ၇၇၇ သန်းခန့်ကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက တိုင်းတာဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ မြေအသုံးချမှုမှန်ကန်စေရေးဆောင်ရွက်နိုင်ရန် အခြေခံကျသည့် စာရင်းအင်းကိန်းဂဏန်းများရရှိရေး ဆောင်ရွက်မှုအခြေအနေများ၊ မြေဆီလွှာနှင့်သင့်တော်သည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှုကို ဖော်ပြသည့် တည်ငြိမ်သည့်စိုက်ပျိုးမြေပုံ (Crop Suitability Map) များ ရေးဆွဲထားမှု၊ မွေးမြူရေးကဏ္ဍနှင့် ရေသတ္တဝါမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေအသုံးချမှုမှန်ကန်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုဆွေးနွေးပွဲတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဖော်ထုတ်ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

**တက်ရောက်**

စကားဝိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြုလျက်ရှိသည့်မြေအမျိုးအစားများသည် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ဆက်စပ်မှု၊ မြေအသုံးချမှုမှန်ကန်ရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြေဆီလွှာကွဲပြားခြားနားမှုအပေါ် အခြေခံ၍ မြေအမျိုးအစား ခွဲခြားသတ်မှတ်ထားရှိမှု ၊ မြေဆီလွှာနှင့် သင့်တော်သည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှုကို ဖော်ပြသည့် တည်ငြိမ်သည့်စိုက်ပျိုးမြေပုံ Crop Suitability Map များ ရေးဆွဲထားရှိမှု၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် မြေအသုံးချမှု ၊ ရေသတ္တဝါ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မြေအသုံးချမှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❂ စာမျက်နှာ ၁၀ မှ

အွန်လိုင်းမှတစ်ဆင့် ဟန်ဆောင်လိမ်ညာဖမ်းဆီးခေါ်ဆောင်ပြီး အလုပ်သမားများအဖြစ် ခေါင်းပုံဖြတ်စေခိုင်းခြင်း၊ ပြည်ပနိုင်ငံများသို့ ဇနီးမယားအဖြစ် ရောင်းစားခြင်းကဲ့သို့သော အကြမ်းဖက်မှုများကိုလည်း တွေ့ရှိနေရပေသည်။ နိုင်ငံပေါင်း ၅၁ နိုင်ငံတွင် လေ့လာမှုအရ အမျိုးသမီး ၃၈ ရာခိုင်နှုန်းသည် အွန်လိုင်းအကြမ်းဖက်မှုများကို ကိုယ်တိုင်ကြုံတွေ့နေရပြီး ကိုဗစ်-၁၉ ကာလအတွင်း အွန်လိုင်းပေါ်တွင် အချိန်ပိုမိုသုံးစွဲခဲ့သည့် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်ခံရမှု ပိုမိုများပြားကြောင်း လေ့လာမှုအစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ယခုခေတ်တွင် ကျောင်းနေအရွယ်မှစပြီး ကလေးတိုင်းလက်ကိုင်ဖုန်းကို ကိုင်တွယ်ရင်းနှီးနေသည့်အတွက် အမျိုးသမီးငယ်အများစုသည် လက်ကိုင်ဖုန်းအသုံးပြုရာတွင် ကောင်းမွန်သည့် အကျိုးရလဒ်များရရှိနိုင်သလို အန္တရာယ်ရှိနိုင်သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ အမျိုးသမီးငယ်များအား ဖုန်းအသုံးပြုခြင်းမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဗဟုသုတများရှာဖွေရာတွင် လမ်းကြောင်းမမှားစေရန် မိဘ၊ ဆရာများနှင့် အုပ်ထိန်းသူလူကြီးသူမများတွင် တာဝန်ရှိသလို သတင်းမီဒီယာများမှတစ်ဆင့် အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ရန် လိုပေသည်။

**အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး**

ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသည့် အမျိုးသမီးများ၏အခွင့်အရေးနှင့် စွမ်းဆောင်နိုင်မှုများကို ပိုမိုအာရုံစိုက်မိလာစေရန်နှင့် အမျိုးသမီးများ၏ အခွင့်အရေးများကိုအလေးထား အကောင်အထည်ဖော်နိုင်စေရန်ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝန်း နှစ်စဉ်ကျင်းပလျက်ရှိသည်။ ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အတွက် **"အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး"** ဆိုသည့် ခေါင်းစဉ်သတ်မှတ်ထားပြီး အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ခြင်း၊ ကျား/မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်းနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ကျား/မ တန်းတူညီမျှရေးအတွက် နိုင်ငံအလိုက် အမျိုးသမီးအခွင့်အရေးများ အပြည့်အဝရရှိအောင် မည်သို့ပင်ဆောင်ရွက်ပေးနေပါစေ နိုင်ငံအလိုက် သတ်မှတ်ထားသည့် ယဉ်ကျေးမှု၊ ကျင့်သုံးနေကြသည့် အစဉ်အလာရိုးရာဓလေ့ထုံးစံများအရ ကျား/ မ တန်းတူညီမျှရေးတွင် ပြောင်းလဲခြင်းမပြုနိုင်သေးသည့် အတားအဆီးလိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။ အမျိုးသမီးများ ဂုဏ်သိက္ခာရှိရှိရှင်သန်ရပ်တည်နိုင်ရေးအတွက် အခက်အခဲပြဿနာများကို နည်းလမ်းမျိုးစုံဖြင့် ကူညီဖြေရှင်းပေးခြင်း၊ အကြမ်းဖက်ခံရသူများ၏ ကိုယ်ရောစိတ်ပါ စွဲကပ်နေသည့် ဒဏ်ရာဒဏ်ချက်များကို ကုသပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ညှိနှိုင်းနှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုဖြစ်စဉ်များကို ရှုတ်ချခြင်း၊ အကြမ်းဖက်ခံရသူအမျိုးသမီးများဘက်မှ ရပ်တည်ပေးခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်သည်။ အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် ရပိုင်ခွင့်များကို မြှင့်တင်ပေးခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် အခွင့်အရေးများရှာဖွေဖော်ထုတ်ပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဥပဒေကြောင်းအရ ကာကွယ်ပေးခြင်းများ ဆောင်ရွက်ပေးရမည် ဖြစ်သည်။

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျှော့နည်းပပျောက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး**

အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ထိပါးနှောင့်ယှက်ခံရမှု၊ အကြမ်းဖက်မှုများ ကြုံတွေ့နေရမှုအပေါ် ကျူးလွန်ခံရသူကို မိဘဆွေမျိုး၊ အိမ်နီးချင်းနှင့် ပတ်ဝန်းကျင်တို့က အပြစ်တင်ရှုတ်ချခြင်း၊ ပစ်ပယ်ခြင်းများမပြုလုပ်ဘဲ ကာကွယ်ဖေးမပေးခြင်း၊ စာနာနားလည်ပေးခြင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးတိုင်းအတွက်လိုအပ်သည့် လူမှုရေးအထောက်အပံ့ကောင်းများကို လွယ်လင့်တကူရရှိစေရန် ပံ့ပိုးပေးခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပေါ်လာပါက ရပ်တည်ကူညီပေးမည့် မိသားစု၊ အိမ်နီးချင်းအသိုင်းအဝိုင်းများ ဖြစ်လာစေရေး၊ အကြမ်းဖက်မှုကျူးလွန်သူများကို ပြစ်မှုနှင့်လျော်ညီ ထိုက်တန်သည့် ပြစ်ဒဏ်ချမှတ်ခြင်းစသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များကို ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသည့် အမျိုးသမီးများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတွင် အရေးပါသည့် အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက်အလွန်အဖိုးတန်သောလူသားအရင်းအမြစ်များပင် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများဘဝ ကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများအား ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျား/ မ တန်းတူမခွဲခြားဘဲ မည်သည့်ကဏ္ဍတွင်မဆို ပါဝင်ခွင့်ပြုထားပြီး နိုင်ငံ၏အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်အသီးသီးတွင် အမျိုးသမီးများအနေဖြင့် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာတွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးကို ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ပြဋ္ဌာန်းထားပြီး အဆိုပါကွန်ဗင်းရှင်းတွင် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးထားသလို အာဆီယံအမျိုးသမီးကော်မတီ၊ ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ ထို့အပြင် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ဘဝများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးလျက်ရှိသလို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးမှအစ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ဥပဒေများ ရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့်ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကဏ္ဍစုံတွင်အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူပါဝင်ခွင့်ရရှိရေးအတွက် ကဏ္ဍပေါင်းစုံပါဝင်သည့် **"အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း"** (၂၀၁၃-၂၀၂၂)ကိုရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ သည်။ မဟာဗျူဟာစီမံကိန်းသည် ၂၀၂၂ ခုနှစ်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည့်အတွက် (၂၀၂၃-၂၀၃၂) မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၈ ခုနှစ်မှစ၍ မြန်မာအမျိုးသမီးများ၏ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်များနှင့် လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။

ယနေ့ခေတ်သည် အသိပညာအခြေပြုသည့်ခေတ်ဖြစ်သလို နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာကြွယ်ဝသည့် လူသားအရင်းအမြစ်များ၏ အခန်းကဏ္ဍသည်လည်း အဓိကကျပေသည်။ အမျိုးသမီးများသည် သားသမီးများ၏ မိခင်များဖြစ်ကြသလို ပညာရေးကဏ္ဍတွင်လည်း အမျိုးသမီးပါဝင်မှုနှုန်းက ပိုမိုများသဖြင့် ကျောင်းသား ကျောင်းသူများ၏ လက်ဦးဆရာလည်းဖြစ်ကြသည့်အတွက် နိုင်ငံတိုင်း၏ အနာဂတ်လူငယ်များ ပြုစုပျိုးထောင်ရာတွင် အလွန်အရေးပါသူများ၊ အဓိကကျသူများ ဖြစ်ကြပါသည်။ အမျိုးသမီးများ ကိုယ်၊ စိတ်ကျန်းမာလုံခြုံစွာဖြင့် တာဝန်များ ထမ်းဆောင်နိုင်မှသာ ၎င်းတို့နှင့်ဆက်စပ်နေသည့် မိသားစု၊ မိသားစုမှသည် လူမှုအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းမှသည် နိုင်ငံတော်အထိ သာယာဝပြောစေမည် ဖြစ်သည်။ ကဏ္ဍစုံတွင် အမျိုးသမီးများအား ပစ်ပယ်ထားမည်ဆိုပါက လူမှုစီးပွားဘဝများကို ဖွံ့ဖြိုးတိုးတက်မှုနောက်ကျစေမည်ဖြစ်၍ ကျား/ မ တန်းတူညီမျှမှုကို မြှင့်တင်ကာ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံတိုင်းက အဓိကတာဝန်တစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

**ရည်ညွှန်း**

- Internet
- မြန်မာ့အလင်း၊ ကြေးမုံ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ e-Government လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ e-Government လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် Myanmar e-Governance Master Plan 2030 (မူကြမ်း) တွင် ပါဝင်သော လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



**တက်ရောက်**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ e- Governance Master Plan 2030 သည် အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် နိုင်ငံတော်က မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း အစိုးရ၏ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်များ ပေါ်ပေါက်ဖြစ်ထွန်းလာစေရန်၊ နိုင်ငံသားများနှင့်ထိတွေ့ဆက်ဆံမှုကို မြှင့်တင်ပေးခြင်းဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုများ စွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တောင်သူလယ်သမားများနှင့် ပြည်သူ့ဝန်ဆောင်မှုများကို ထိရောက်စွာပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ e-Government မှ Digital Government အသွင်ကူးပြောင်းရေးတွင် အထောက်အကူပြုနိုင်စေရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက e-Government လုပ်ငန်းများ ဆောင်ရွက်ပြီးစီး မှုနှင့် Myanmar e-Governance Master Plan (2030) မူကြမ်းတွင် ပါဝင်သော ဦးစီးဌာနတက္ကသိုလ်များ၏ ဆောင်ရွက်ရမည့်အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်များကို တောင်သူလယ်သမားများနှင့် ပြည်သူများ ဝန်ဆောင်မှုရယူနိုင်စေရန် ဝက်ဘ်ဆိုက်၁၄ ခုနှင့် လူမှုကွန်ရက်လိုင်း ငါးခုတို့မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူလယ်သမားများကြုံတွေ့ရသော အခက်အခဲများ ဖြေရှင်းနိုင်ရန်နှင့် စိုက်ပျိုး၊ မွေးမြူရေး နည်းပညာများ တောင်သူများ လက်ဝယ်ရောက်ရှိစေရေး ရည်ရွယ်၍ ဒစ်ဂျစ်တယ်သတင်းစာမျက်နှာ agribiznews၊ စက်မှုလယ်ယာ (AMD)၊ Fiber Crop၊ နှစ်ရှည်၊ LUD (Land Use Division)၊ Myanmar GAP နှင့် PPD အစရှိသည့် မိုဘိုင်းအပလီကေးရှင်း ခုနစ်ခုမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တောင်ငူမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

တောင်ငူ မတ် ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးဆွေးနွေးခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ခပေါင်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်နှင့် အကြောင်းအရင်းများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးကြသည့် ကမ္ဘာ့နိုင်ငံများအကြောင်း၊ ပြည်သူ့စစ်မှုထမ်းရန် အသက်အရွယ်နှင့် ထမ်းဆောင်ရမည့်ကာလတို့ကို ဆွေးနွေးပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းချက်ပါ ဥပဒေဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။




အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်၊ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၃၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများ၏ အထွက်တိုး စပါးစိုက်ပျိုးပြီးစီးမှု ကွင်းဆင်းကြည့်ရှု

တိုက်ကြီး မတ် ၆

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုအစီအစဉ်အရ ရွှေမေသမဝါယမအသင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် အထွက်တိုးမျိုးစပါး၊ ထိုင်းမျိုး ရက် ၉၀ စပါးစိုက်ပျိုးပြီးစီးမှုအခြေအနေကို ယမန်နေ့ နံနက် ၉ နာရီတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဥမ္မာမြင့်၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးအုန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမသင်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးကံချွန်၊ ရွှေမေသမဝါယမအသင်းစု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုပြီး စိုက်ပျိုးပြီးစီးသွားသည့် ကျိုက်စကိုင်းကျေးရွာ၊ စစ်ကိုင်းရွှေဝါ၊ စိုက်/မွေး/ထွေ၊ သမဝါယမအသင်းသား တောင်သူ ဦးခင်မောင်စိုး၏ လယ်ခြောက်ကေအား တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီးစီးသည့် စိုက်ကွင်းအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

တိုက်ကြီးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်း ငါးသင်းအနေဖြင့် ရွှေမေသမဝါယမအသင်းနှင့် အကျိုးတူအထွက်တိုးစပါး ထိုင်းမျိုး ရက် ၉၀ စိုက်ပျိုးခြင်းကို ၂၅ ကီလို မျိုးအိတ် ၂၀ ဖြင့် (၁၆ ဒသမ ၈)ကေအား တောင်သူငါးဦးဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ရွှေမေသမဝါယမအသင်းက စိုက်ပျိုးရန်လိုအပ်သည့် မျိုးအိတ်များအား အခမဲ့ထုတ်ပေးခြင်း၊ ထွန်ယက်စိုက်ပျိုးမှုကုန်ကျငွေများ ပံ့ပိုးပေးသည့်အပြင် ထွက်ရှိလာမည့် မျိုးစပါးများကို ကာလပေါက်ဈေးဖြင့် ပြန်လည်ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ မြင့်ဦး



# နတ်တလင်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

နတ်တလင်း မတ် ၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် ဗီယမ်နမ်စပါးမျိုး နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို မတ် ၅ ရက် နံနက်ပိုင်းက သက်ငယ်ပြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၆၁) တောင်သူ ဦးဝင်းမင်းစိုး၏ လယ်မြေ နှစ်ဧက၌ ကျင်းပခဲ့သည်။



အဆိုပါ ကွင်းသရုပ်ပြပွဲသို့ နတ်တလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့်အဖွဲ့ဝင်များ၊ တောင်သူများ စုစုပေါင်း ၇၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရဲထွန်းက လက်ဆွဲကောက်စိုက်စက် အသုံးပြုပုံ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး လက်တွေ့ကွင်းသရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

❍ MFF မှ

ဒုတိယအကျော့အပြီးတွင် VUC အသင်းက ၅၂ မှတ်ဖြင့် အဆင့် ၁၊ MIU အသင်းက ရမှတ် ၄၀ ဖြင့် အဆင့် ၂၊ Generations အသင်းက ၃၆ မှတ်ဖြင့် အဆင့် ၃ နေရာတွင် ရပ်တည်ပြီး ချန်ပီယံဆုအတွက် Play-off ပွဲစဉ် ကစားခွင့်ရခဲ့သည်။ ယင်းအသင်းများနောက်တွင် Winner Soccer အသင်းက ၂၉ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၂၂ မှတ်၊ Dream Team အသင်းက ၂၁ မှတ်၊ M2K အသင်းက ရမှတ် ၂၀၊ Futsal-19 အသင်းက ၁၉ မှတ်၊ လင်းလက်အသင်းက ၁၇ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခုနစ်မှတ် ရရှိခဲ့သည်။ ထို့ကြောင့် လင်းလက်အသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့မှာ တန်းဆင်းခဲ့ရသည်။

အဆင့် ၂ ရရှိသည့် MIU အသင်းနှင့် အဆင့် ၃ ရရှိသည့် Generations အသင်းတို့မှာ Play-off ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး အဆင့် ၁ ရရှိသည့် VUC အသင်းမှာမူ ဗိုလ်လုပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီ ပထမဆုံးရေအောက်ဥမင်ရထားလမ်းပိုင်း ဖွင့်လှစ်

နယူးဒေလီ မတ် ၆

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်မိုဒီက နိုင်ငံ၏ ပထမဆုံး ရေအောက်ဥမင် ရထားလမ်းပိုင်းကို အနောက်ဘင်္ဂလားမြို့တော် ကာလကတ္တား၌ ယနေ့ဖွင့်လှစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် မိုဒီသည် အက်စ်ပလာနာဒီ- ဟော်ရက်ရှ်မေ့ဒန် မြေအောက်ရထားလမ်းပေါ်ရှိ အဆိုပါ ရေအောက်ဥမင်ရထားလမ်းပိုင်းကို ဖွင့်လှစ်ခဲ့ပြီးနောက် ဒေသခံကျောင်းသား ကျောင်းသူများနှင့်အတူ မြေအောက်ဥမင်ရထားပေါ် လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

ယခုဖွင့်လှစ်ခဲ့သည့် အက်စ်ပလာနာဒီ- ဟော်ရက်ရှ်မေ့ဒန် မြေအောက်ရထားလမ်းပိုင်းသည် နိုင်ငံ၏အနက်ဆုံး မြေအောက်ဘူတာရုံဖြစ်ပြီး မြေမျက်နှာပြင်အောက် မီတာ ၃၀ တွင် တည်ရှိသည်။

အဆိုပါ မြေအောက်ဘူတာရုံသည် နည်းပညာမြင့် ကွန်ရက်ချိတ်ဆက်မှုများဖြင့် ဆောင်ရွက်ထားသောကြောင့် ခရီးသည်များအတွက် အလွန်အဆင်ပြေစေကြောင်း သိရသည်။

ဟော်ရက်ရှ်မေ့ဒန်မြို့နှင့် အက်စ်ပလာနာဒီမြို့တို့အကြား ၄ ဒသမ ၈ ကီလိုမီတာ ရှည်လျားသော အဆိုပါရေအောက်လမ်းပိုင်းသည် အရှေ့-အနောက် မြေအောက်ရထားလမ်း၏အရေးကြီးသော အပိုင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်






# ဂျပန်နိုင်ငံရှိ စာအုပ်ဆိုင်များကို အဆင့်မြှင့်တင်မည်

တိုကျို မတ် ၆

ဂျပန်အစိုးရသည် နိုင်ငံအတွင်းရှိ စာအုပ်ဆိုင်များကို အဆင့်မြှင့်တင်ပေးမည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။ ယနေ့ခေတ်ကာလတွင် စာဖတ်သူများသည် အီလက်ထရွန်နစ်မီဒီယာမှ စာပေများကို ဖတ်ရှုမှုများပြားနေသဖြင့် ယခုအစီအစဉ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စာအုပ်ဆိုင်များသည်နိုင်ငံသားများအတွက် ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်ကြောင်း စက်မှုလုပ်ငန်းဝန်ကြီး ဆိုက်တိုကနက ပြောကြားသည်။

နိုင်ငံအတွင်းဒေသများရှိ စာအုပ်ဆိုင်များတွင် လာရောက်စာပေလေ့လာသည့် နိုင်ငံသားအရေအတွက် လျော့နည်းလာခြင်းနှင့် စာအုပ်ဆိုင်များအဆင့်မြှင့်တင်ရေးတို့အပေါ် ကျွမ်းကျင်သူများ၏ သုံးသပ်ချက်များရယူပြီး စက်မှုလုပ်ငန်းဝန်ကြီးဌာနက ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် ပြင်သစ်၊ တောင်ကိုရီးယားနှင့် ကမ္ဘာ့နိုင်ငံများရှိ စာအုပ်ဆိုင်များ၌ စာပေလာရောက်လေ့လာသူလျော့နည်းလာရသည့်အကြောင်းရင်းဖြစ်စဉ်များကိုလည်း ဂျပန်စက်မှုလုပ်ငန်းဝန်ကြီးဌာနက လေ့လာမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# ယီမင်အခြေစိုက် ဟူသီစစ်သွေးကြွအုပ်စုက ပင်လယ်နီအတွင်းရှိ အမေရိကန်စစ်သင်္ဘောများကို ဒုံးကျည်နှင့် ဒရုန်းများဖြင့် တိုက်ခိုက်

အေဒင် မတ် ၆

ယီမင်အခြေစိုက် ဟူသီစစ်သွေးကြွအုပ်စုသည် ပင်လယ်နီအတွင်းရှိ အမေရိကန်စစ်သင်္ဘောများကို ဒုံးကျည်နှင့် မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ယမန်နေ့က ကြေညာသည်။

ဟူသီစစ်သွေးကြွများသည် နိုဝင်ဘာလကတည်းက ပင်လယ်နီအတွင်းနှင့် အနီးတစ်ဝိုက်တွင် ဖြတ်သန်းသွားသည့် ကုန်တင်သင်္ဘောများကို အကြိမ်ကြိမ်တိုက်ခိုက်လျက်ရှိသည်။

**တိုက်ခိုက်ခံရ**

ယခုလတွင် ၎င်းတို့၏ တိုက်ခိုက်မှုကြောင့် ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ပြီး အမေရိကန်နှင့် ဗြိတိန်ရေတပ်သင်္ဘောများလည်း တိုက်ခိုက်ခံရကြောင်း သိရသည်။

ဟူသီ စစ်သွေးကြွများသည် အမေရိကန် ဖျက်သင်္ဘောနှစ်စင်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ဟူသီပြောရေးဆိုခွင့်ရှိသူတစ်ဦးက လူမှုမီဒီယာတွင် မတ် ၅ ရက်က ရေးသားခဲ့သည်။

ဟူသီစစ်သွေးကြွများ ပစ်လွှတ်ခဲ့သည့် ဒုံးကျည်တစ်စင်းနှင့် မောင်းသူမဲ့လေယာဉ်သုံးစင်းကို အမေရိကန်ရေတပ်က ဖျက်ဆီးခဲ့ရကြောင်း အမေရိကန်ဗဟိုကွပ်ကဲရေးဌာနက ပြောကြားသည်။

**သတင်းထုတ်ပြန်**

အဆိုပါ တိုက်ခိုက်မှုကြောင့် အမေရိကန် ရေတပ်သင်္ဘောကို ထိခိုက်မှုမရှိကြောင်းနှင့် ဒုံးကျည်များနှင့် မောင်းသူမဲ့လေယာဉ်များသည် ဟူသီထိန်းချုပ်နယ်မြေများမှ လာခြင်းဖြစ်ကြောင်း အမေရိကန်ဗဟိုကွပ်ကဲရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဟူသီတို့၏ တိုက်ခိုက်မှုများကြောင့် အာရှနှင့်ဥရောပကြား ဖြတ်သန်းသွားလာလျက်ရှိသည့် ကုန်တင်သင်္ဘောများကို အခြားလမ်းကြောင်းများသို့ ပြောင်းလဲသွားလာရန် တွန်းအားပေးနိုင်ဖွယ်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များအပေါ် ရေရှည်အကျိုးသက်ရောက်နိုင်ကြောင်း စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# ဖိလစ်ပိုင်နိုင်ငံ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ပီဆိုတစ်ဘီလီယံကျော်ဆုံးရှုံး

မနီလာ မတ် ၆

ဖိလစ်ပိုင်နိုင်ငံ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပွားခဲ့သည့် မိုးခေါင်ရေရှားမှုများကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ပီဆိုတစ်ဘီလီယံကျော်ရှိခဲ့ကြောင်း ဖိလစ်ပိုင်အစိုးရက ယနေ့ပြောကြားသည်။

ယင်းရာသီဥတုဖြစ်စဉ်သည် ယခုနှစ်ဒုတိယသုံးလပတ်အထိ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ဒေသငါးခုရှိ သီးနှံစိုက်ပျိုးမြေဟက်တာ ၁၈၀၀၀ ထိခိုက်ပျက်စီးခဲ့ပြီး လယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မှုကို နှောင့်နှေးစေခဲ့ကြောင်း ဖိလစ်ပိုင်အမျိုးသား သဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက မှတ်ချက်ပြုပြောကြားသည်။



နိုင်ငံအလယ်ပိုင်းရှိ ဗီဆာရဒေသတွင် သီးနှံပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ပြီး လူဇွန်ဒေသနှင့် ဇန်ဗိုအန်ဂါဒေသများတွင်လည်း အလားတူ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့သည်။

ယခုနှစ် မတ်လ၊ ဧပြီလနှင့် မေလတွင်လည်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များဖြစ်ပွားနိုင်ကြောင်း မိုးလေဝသဗျူရိုက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဖြစ်စဉ်များ မကြာခဏဖြစ်ပွားလေ့ရှိသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်း သေဆုံးသူ ၃၀၇၁၇ ဦးရှိလာ

ဂျေရုဆလင် မတ် ၆

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူ ၃၀၇၁၇ ဦး ရှိလာပြီး ၇၂၁၅၆ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဟားမတ်စ်အဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၈၆ ဦးသေဆုံးပြီး ၁၁၃ ဦး ထိခိုက်ဒဏ်ရာရကြောင်း သိရသည်။

**ထိခိုက်ဒဏ်ရာရသူပေါင်း ၇၂၁၅၆ ဦးရှိ**

အစ္စရေး-ဟားမတ်စ်ပဋိပက္ခစတင်သည့် အောက်တိုဘာ ၇ ရက်ကတည်းက လက်ရှိအချိန်အထိ သေဆုံးသူအရေအတွက် ၃၀၇၁၇ ဦးရှိပြီး ထိခိုက်ဒဏ်ရာရသူပေါင်း ၇၂၁၅၆ ဦးရှိကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အရပ်ဘက် ကာကွယ်ရေးနှင့် လူနာတင်ယာဉ်များအပါအဝင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ လျော့နည်းလျက်ရှိစဉ် အစ္စရေးတပ်ဖွဲ့ဝင်များက ပြင်းထန်သော ဗုံးကြဲတိုက်ခိုက်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါတိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရသူအချို့မှာ အပျက်အစီးများအောက်တွင် ရောက်ရှိနေကြောင်း သိရသည်။

ကာတာနှင့် အီဂျစ်နိုင်ငံတို့က အပြီးတိုင် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိသော်လည်း လက်ရှိအချိန်အထိ အပြုသဘောဆောင်သည့် ရလဒ်များထွက်ပေါ်လာခြင်း မရှိသေးပေ။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## တပ်မတော်က ဓာတုဗုံးအသုံးပြုပြီး ကနီမြို့ကိုတိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ကို မတ် ၅ ရက်က တပ်မတော်က ဓာတုဗုံးအသုံးပြုပြီး တိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ကနီမြို့ကို တပ်မတော်က ဓာတုဗုံးအသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ယခင်တိုက်ပွဲများတွင်လည်း ၎င်းတို့ထိခိုက်သေဆုံးမှုများပြားသည့်အချိန်များတွင် ထိုကဲ့သို့ တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် ဓာတုဗုံးများနှင့် အဆိပ်ငွေ့ဗုံးများကို တပ်မတော်က အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မုံရွာမြို့နယ် ခိုးသန်းကျေးရွာ ဒုတိယအကြိမ် မီးရှို့ခံရပြီး အိမ်ခြေ ၁၀၀ နီးပါး ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခိုးသန်းကျေးရွာတွင် တိုက်ပွဲဖြစ်ပွား ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁ ရက်နှင့် ၅ ရက်တို့တွင် ဝင်ရောက်မီးရှို့ခဲ့ခြင်းကြောင့် အိမ်ခြေ ၁၀၀ နီးပါးပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် တစ်ဖက်သတ် စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းရက်များတွင် ခိုးသန်းကျေးရွာနှင့် အနီးတစ်ဝိုက်တို့တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ခြင်း၊ သွားရောက်ခဲ့ခြင်းများမရှိကြောင်းနှင့် ဒေသခံပြည်သူအချို့၏ သတင်းပေးပို့မှုအရ မတ် ၄ ရက်တွင် အဆိုပါကျေးရွာသို့ PDF အကြမ်းဖက်အဖွဲ့များ ရောက်ရှိလာခဲ့ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နယ်မြေလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကိုလည်း ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အထင်အမြင်လွဲမှားစေရန် အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

## ပုသိမ်မြို့နယ်၌ ငွေကျပ် ၅ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် မတ် ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပုသိမ်မြို့နယ် ချောင်းသာကျေးရွာအနီး သဲဖြူကျွန်း အနောက်မြောက်ဘက် ရေမိုင် ၅ မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် မသင်္ကာဖွယ် စက်လှေအား စစ်ဆေးခဲ့ရာ စက်လှေပေါ်မှဒေသကာလတန်ဖိုး ငွေကျပ် ၅ ဒသမ ၂ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မောင်မောင်လေး(ခ)သိန်းဝင်းကို ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ အမှတ်(၂)ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ညနေ ၅ နာရီတွင် ပုသိမ်မြို့နယ် ငွေဆောင်မြို့ သဇင်ကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြားများ တင်ပို့ပေးခဲ့သူများဖြစ်ကြသည့် ဝင်းသိန်းထွန်း(ခ)နေသူနှင့် လင်းထွန်းဟန်(ခ)သားပုတို့ နှစ်ဦးကို စက်လှေတစ်စင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။




ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၄၄ ဒသမ ၃၂၀ တန်၊ သစ်မာ ၁၅ ဒသမ ၉၆၉၀ တန်၊ အခြား ၇၉ ဒသမ ၁၆၃၃ တန် စုစုပေါင်း ၁၃၉ ဒသမ ၄၅၄၃တန်၊ ယာဉ်/ယန္တရားလေးစီး၊ တရားခံ ကိုးဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၃-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဓဇဂ္ဂသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ 'မြန်မာ့ပုလဲရတနာတို့၏မွေးရပ်မြေ ပုလဲကျွန်းဆီ'
၀၉:၁၅ NRC အစီအစဉ်
၀၉:၄၀ လှပသောအနာဂတ်နေ့ရက်များဆီသို့
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၁၅ 'Next Level'
၁၁:၂၅ ၂၀၂၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ကောင်းစရာများ (သင်္ချာဘာသာရပ်)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားက ချစ်လိပ်ပြာ' (အပိုင်း-၁၆)
၁၃:၃၀ MRTV National News
၁၄:၀၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၁၃+၁၄)
၁၅:၃၀ ၂၀၂၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ကောင်းစရာများ (စိတ်ကြိုက်မြန်မာစာဘာသာရပ်)
၁၆:၃၅ စားသုံးသူအခွင့်အရေးမြှင့်တင်ရေးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး(စကားဝိုင်း)
၁၇:၁၀ Soccer View
၁၇:၂၅ လူမှုစီးပွားသတင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ 'ဘယ်သူမှန်လဲအပြိုင်ကြဲ'
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၁၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၃)
၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၄)

### mitv

07:01 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
07:09 Ananda Temple
07:51 New Destination for Sea Lovers
08:01 News
08:27 Topical Science Topic (Current Life Expectancy and Longevity)
08:52 Tastes of Home Land: Steamed Lobster
09:01 Discovering Tribes: Taung Yoe (Their Life and Customs)
09:23 Wushu Kids and Their Limit (Ep-2)
09:36 Myanmar Traditional Cart Business
10:01 News
10:27 Sayit-Wyne Girls
10:49 Pwe Kauk Waterfall Resort (BE. FALLS)

### MRTV NRC

ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)
လက်ဝဲသလုံးတော်ဓာတ်စေတီအကြောင်း
ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)
ခြင်ဆေးခွေနှင့်ကျန်းမာရေး
ဝ (၁၀:၀၀ မှ ၁၂:၀၀)
သွေ့ညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)
ကချင် (၁၂:၀၀ မှ ၁၄:၀၀)
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
ကယား (၁၄:၀၀ မှ ၁၆:၀၀)
သဘာဝဆန်ဆန်အလှရှိရာ ဒူးပရာတောင်ရွှေတောင်တန်းဆီသို့
ပအိုဝ်းကရင် (၁၆:၀၀ မှ ၁၇:၀၀)
သွေးတိုးရောဂါအကြောင်းသိကောင်းစရာ
အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)
ရှမ်းရိုးရာအစားအစာ ရှမ်းထမင်းချဉ်
အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)
ဖိုင်းဖြူရွာလေးမှရေလုပ်သားကြီးရဲ့ဘဝ
ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)
နွေးထွေးသည့်လုပ်ငန်းရှာသို့အလည်တစ်ခေါက် (အပိုင်း-၁)
ချင်း (ဇိုမီး) (၂၀:၀၀ မှ ၂၁:၀၀)
အနာဂတ်ဆီသို့ခြေလှမ်းများ
မွန် (၂၁:၀၀ မှ ၂၃:၀၀)
ရာမညမြေမှအလှတရားများ(အပိုင်း-၂)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မကောင်းဆိုးဝါး'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့်အနာဂတ် ဒီမိုကရေစီ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၇)

### MRTV FARMERS' Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ ဝင်ငွေသေချာ ရွှေနေကြာ
၀၆:၅၅ ဆန်ကိုအခြေခံ၍ကွတ်ကီးနှင့်ပေါင်မုန့်ပြုလုပ်ခြင်း
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ A Little Thing Called Love (နိုင်ငံခြားဇာတ်လမ်း)
၂၂:၀၀ သူးခက်တွေပျံနေကျလမ်းကလေးပေါ်မှာ (ဇာတ်လမ်း)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Max
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၂၂:၀၀ Weekly Soccer Preview

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် တင်သွင်းလာသည့် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၆

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက် ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရသည်။

**ဖမ်းဆီးရမိမှု(၈၇)ကြိမ်**

တာဝန်သိပြည်သူများ၏သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း သတင်းရရှိမှုအကြိမ် ၁၀၀ ရရှိခဲ့ပြီး သတင်းမှားရစ်ကြိမ်၊ နောက်ကျ သတင်းငါးကြိမ်နှင့် ဖမ်းဆီးရမိမှု ၈၇ ကြိမ်ဖြစ်သည်။ ဖမ်းဆီးရမိမှု အမှုတွဲ ၁၉၈ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန် ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၃၀၅ မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၉ ဒသမ ၄၂၈ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။




၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း သိမ်းဆည်းရမိမှု။

သတင်းပေး တိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများသို့ ဖမ်းဆီးရမိမှုတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေး ဆုကြေးငွေအဖြစ် ချီးမြှင့်နိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများက မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆိုးကျိုးများ**

တရားမဝင် ကုန်သွယ်မှုများကြောင့် နိုင်ငံအတွက် ရရှိမည့် အခွန်အခများ ဆုံးရှုံးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယားကိန်းဂဏန်းအချက်အလက်များ မှားယွင်းနိုင်ပြီး ဆုံးဖြတ်ချက်များ မှားယွင်းနိုင်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာစနစ်နှင့် ငွေကြေးစီးဆင်းမှုစနစ် ထိခိုက်စေနိုင်ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်း မတည်ငြိမ်မှု ဖြစ်ပေါ်နိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ ဈေးကွက်ယှဉ်ပြိုင်မှု ကျဆင်းလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ဆေးနှင့် ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် အတုအပများ၊ သက်တမ်းလွန် ကုန်စည်များကြောင့် သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှု ဖြစ်ပေါ်နိုင်ခြင်း စသည့် ဆိုးကျိုးများအပြင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို ထိခိုက်ကျဆင်းစေနိုင်သောကြောင့် တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်ရာတွင် "အမျိုးသားရေး တာဝန်" တစ်ရပ်ကဲ့သို့ သတ်မှတ်ပြီး ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုက်တွန်းထားသည်။

**သတင်းပေးပို့တိုင်ကြား**

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်များအတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၇၂၈ တန်၊ အခြားသစ် ၃၈ ဒသမ ၀၃၃ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၆၈၅၉၁၉ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းအရေးယူ**

ထို့ပြင် မတ် ၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းတုန်းမြို့နယ် ကူဖြူကျေးရွာနှင့် ပြောင်းပြာကျေးရွာအနီး၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၅၂ ဂါလန်၊ ပရီမီယမ် ဒီဇယ်ဆီ ၃၂ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၆၁၆၀)နှင့် အဆိုပါစက်သုံးဆီများ သယ်ဆောင်လာသော လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များဖြစ်သည့် Smash Johnson 110 တစ်စီး၊ Dayang 125 တစ်စီး၊ Luojia 110 တစ်စီး၊ Canda 125 တစ်စီး၊ Kenbo 110 တစ်စီးနှင့် Shayan 125 တစ်စီး စုစုပေါင်း ဆိုင်ကယ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)တို့ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မင်းတုန်းမြို့နယ် ပန်းပင်ကုန်းကျေးရွာအနီး၌ လိုင်စင်မဲ့ Lifan Faw ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၈၀၈ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၄၇၂၂၂ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၄၈၂၃၈၂ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Pangolin Safety Helmet ဦးထုပ် ၁၄၄ လုံးအပါအဝင် ကုန်ပစ္စည်း ၁၂ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၄၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Kyo Kyar Bus တစ်စီးနှင့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၆၄၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့၌ တရားမဝင် ခဲသတ္တု ၁၆၃ ကီလိုဂရမ်၊ ချန်ချိုင်းအမျိုးအစားနှစ်လုံးထိုးအင်ဂျင် ၁၂ လုံးအပါအဝင် ဆက်စပ်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၅၀၀၀၀) ကို သတ္တုတွင်းဥပဒေအရလည်းကောင်း၊ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျွဲခရံကျေးရွာ စမုံဂလက်ရေပြင်၌ စက်လှေတစ်စင်းပေါ်မှ တရားမဝင် အခြားသစ် ၇ ဒသမ ၁၇၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၆၆၄၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် သစ်သားကိုယ်ထည်စက်လှေတစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၅၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်နှင့် မြိတ်မြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်များဖြစ်သည့် Honda Wave-100 တစ်စီး၊ Honda Scoopy တစ်စီးနှင့် TACT Honda တစ်စီး စုစုပေါင်း ဆိုင်ကယ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၇၆၆၄၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထို့ပြင် မတ် ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်စားအုန်းဆီ ငါးလီတာပါ ဘူး ၂၀၀၊ နှစ်လီတာပါ ဘူး ၃၀၀၊ တစ်လီတာပါ ဘူး ၁၂၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့်ကွဲလွဲစွာ ပါရှိလာသည့် Xingfa Aluminium Profiles ကီလိုဂရမ် ၁၇၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၈၂၀၀၀၀)နှင့် သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Fuyin Winding Machine တစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၈၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ယာဉ်အပိုပစ္စည်း L.K.B NH3 Oil Filters အခု ၅၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၈၆၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lactasoy ပဲနို့ဘူး ၄၈၆၀ အပါအဝင်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၀၁၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် မတ် ၅ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ကျောက်စိမ်း ကီလိုဂရမ် ၉၀၉ ဒသမ ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၇၃၈၂၇၀)ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မတ် ၁ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၃၆၈၂၈၆၂၁၁ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ရှမ်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**တောင်ကြီး မတ် ၆**

ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိရေးကို အထောက်အကူဖြစ်စေသည့်အတွက် ရှမ်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပြောကြား**

အစည်းအဝေးတွင် ရှမ်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပြည်နယ်အတွင်း ရေမြေတောတောင် သဘာဝအလှအပများ၊ တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရာသီဥတုသမမျှတခြင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်း၊ ခရီးသွားများ အလွယ်တကူလည်ပတ်သွားလာနိုင်သည့်အနေအထားဖြစ်ပြီး ခရီးစဉ်နေရာသစ်များပေါ်ထွက်နေခြင်းသည် ပြည်နယ်အတွင်းခရီးသွားလာချင်စိတ်ကိုဖြစ်ပေါ်စေကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရှမ်းပြည်နယ်သို့ ပြည်တွင်း၊ ပြည်ပ ဧည့်သည် ၁ ဒသမ ၄ သန်းကျော် ဝင်ရောက်ခဲ့ခြင်းကြောင့် ယခုနှစ်တွင် ၎င်းအရေအတွက်အတိုင်း မျှော်မှန်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင်များအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာတွင် ဆောင်ရွက်သင့်သည့်အချက်များကို စေတနာရှေ့ထားတင်ပြပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ရှမ်းပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ရှမ်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများကို တင်ပြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံး ဒုတိယညွှန်ကြားရေးမှူးက ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ်(GLMS)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

---

**☆ အိန္ဒိယနိုင်ငံမှ**

အဆိုပါ နိုင်ငံတကာရေတပ်လေ့ကျင့်ခန်း(MILAN–2024)ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ စစ်ရေယာဉ်(ဆင်ဖြူရှင်)အပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ စစ်ရေယာဉ် ၁၃ စင်းနှင့် ကင်းထောက်လေယာဉ် တစ်စင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ခရီးစဉ်အတွင်း ဆိပ်ကမ်းအခြေပြုစဉ် International Maritime Seminar သို့ နိုင်ငံပေါင်း ၄၇ နိုင်ငံနှင့်အတူ တက်ရောက်ခြင်း၊ Subject Matter Expert Exchange Program သို့ တက်ရောက်ဆွေးနွေးခြင်း၊ MILAN Young Officer Interaction အစီအစဉ်တွင် အရာရှိငယ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်းများဆောင်ရွက်ခြင်း၊ International City Parade ၌ ပါဝင်ဆောင်ရွက်ခြင်း၊ MILAN Village ၌ နိုင်ငံတကာယဉ်ကျေးမှုပြပွဲတွင် ကပြဖျော်ဖြေခြင်းနှင့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသခြင်း၊ ဗုဒ္ဓဂါယာနှင့် တာ့ချ်မဟာ(Taj Mahal)သို့ သွားရောက်လည်ပတ်ခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတကာစစ်ရေယာဉ်များနှင့်ပူးပေါင်း၍ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းများတွင် ပါဝင်လေ့ကျင့်ခဲ့ကြသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိ ဆောင်ရွက်ခဲ့သည့် (၆)ကြိမ်မြောက် အိန္ဒိယ–မြန်မာ ရေတပ်ဆိုင်ရာလေ့ကျင့်ခန်း(6th IMNEX)တွင် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်းများဆောင်ရွက်ခြင်း၊ စစ်ရေယာဉ်များ အပြန်အလှန်လေ့လာခြင်း၊ အိန္ဒိယစစ်ရေယာဉ် INS Kamorta (P 28) နှင့်ပူးပေါင်း၍ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့သည်။ စစ်ရေယာဉ်(ဆင်ဖြူရှင်)ဖြင့် ယခုသွားရောက်ခဲ့သည့် ခရီးစဉ်အသွား/အပြန်သည် စုစုပေါင်းရေမိုင် ၂၆၅၀ ခန့်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# အောင်လံမြို့ မြို့ပတ်လမ်း–အဝေးပြေးယာဉ်ရပ်နားစခန်း ချိတ်ဆက်လမ်းနှင့် ယာဉ်ရပ်နားစခန်း တည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

**အောင်လံ မတ် ၆**

မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့်အဖွဲ့သည် အောင်လံမြို့ မြို့ပတ်လမ်း–အဝေးပြေးယာဉ်ရပ်နားစခန်း ချိတ်ဆက်လမ်းနှင့် ယာဉ်ရပ်နားစခန်း တည်ဆောက်မှုအခြေအနေအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ မြို့ပတ်လမ်း – အဝေးပြေးယာဉ်ရပ်နားစခန်းချိတ်ဆက်မှုလမ်းပိုင်း အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့သော အဝေးပြေးယာဉ် ရပ်နားစခန်း၌ Express ဂိတ်ခန်း၊ ကားလေးဂိတ်ခန်း၊ ကုန်စည်ဂိတ်ခန်း၊ စားသောက်ဆိုင်ခန်းနှင့် ဈေးဆိုင်ခန်းများ တည်ဆောက်မှု လုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကုမ္ပဏီမှတာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက လုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်စွာနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးတို့ကို သက်ဆိုင်ရာဌာနများနှင့် ဆောက်လုပ်ရေး တာဝန်ခံကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

---

# ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် စာစစ်ဌာနများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် မတ် ၆**

ဧရာဝတီတိုင်း ဒေသကြီး ကန်ကြီးထောင့် မြို့နယ်တွင် မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် စာစစ်ဌာန စာသင်ကျောင်းများသို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းများကို ယနေ့နံနက် ၁၀ နာရီက လိုက်လံစစ်ဆေးခဲ့ကြသည်။



**ဆွေးနွေးမှာကြား**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် လက်ထောက်မီးသတ်ဦးစီးမှူး ဦးသူရမျိုးနှင့် ဦးထက်နိုင်ထွန်း ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့များက မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် စာစစ်ဌာန စာသင်ကျောင်းများ၌ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လျှပ်စစ်အသုံးပြုလျှင် ဂရုစိုက်ဆောင်ရွက်ရမည့် အချက်များနှင့် မီးဘေး ကြိုတင်ကာကွယ်ရေးပစ္စည်းများ၊ ဆောင်ရွက်ထားရှိမှုများစသည်တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများအား ဆွေးနွေးမှာကြား၍ မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ တို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

---

**❖ MNL Cup မှ**

Dagon Port အသင်း၏ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ တန်းတက် Dagon Port အသင်းသည် နှစ်ပွဲဆက်အရေးနိမ့်ခဲ့သော်လည်း MNL အသင်းများကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သည်။ Dagon Port အသင်းသည် ၂၅ မိနစ်တွင် တည်ငြိမ်မင်း သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပထမဆုံးရမှတ် ရယူနိုင်ရန် နီးစပ်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးများကြောင့် ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။ ၈၅ မိနစ်တွင် ဇင်မင်းထွန်းက ဟံသာဝတီအသင်းအတွက် ချေပဂိုးသွင်းယူခဲ့ပြီး နှစ်မိနစ်အကြာတွင် အနိုင်ဂိုး ထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမပွဲတွင် နိုင်ပွဲပျောက်ဆုံးထားသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး အား/ကာသိပ္ပံအသင်းက ခြောက်မိနစ်တွင် စောစေးကဖော်စေး၊ ၁၂ မိနစ်တွင် သိန်းဇော်သီဟတို့ သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၃၃ မိနစ်တွင် ပြည့်စုံအောင်က သွင်းယူခဲ့သည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ငွေကြယ်ပွင့်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းသည် ပထမဆုံးပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ပြီး လေးမိနစ်တွင် ချမ်းငြိမ်း၊ ၁၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် နန်းထိုက်ဇော်၊ ၃၂ မိနစ်တွင် အောင်မင်းသူနှင့် ၆၇ မိနစ်တွင် အောင်ပြည့်ဖြိုးတို့က သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ရက္ခပူရယူနိုက်တက်အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ပထမဆုံးပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ပြီး ၉၊ ၄၅+၂ မိနစ်တွင် ကြည်စိုး၊ ၅၆ မိနစ်တွင် ခင်ကျော်ဝင်း၊ ၆၆ မိနစ်တွင် အာကာနှင့် ၇၅ မိနစ်တွင် စိုးမင်းဦးတို့က သွင်းယူခဲ့သည်။

ဒုတိယနေ့အပြီးတွင် အုပ်စု(ဂ)၌ ဟံသာဝတီအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ ဧရာဝတီနှင့် ဒဂုံစတားအသင်းတို့က တစ်ပွဲကစား သုံးမှတ်စီရရှိထားကာ Dagon Port အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့မှာ နှစ်ပွဲစလုံးအရေးနိမ့်ကာ အမှတ်မရသေးပေ။

အုပ်စု(ဃ)၌ အား/ကာသိပ္ပံအသင်းက နှစ်ပွဲကစား လေးမှတ်၊ ရတနာပုံအသင်းက တစ်ပွဲကစား သုံးမှတ်၊ မြဝတီအသင်းက တစ်ပွဲကစား တစ်မှတ်၊ သစ္စာအားမာန်နှင့် ရက္ခပူရယူနိုက်တက်အသင်းတို့က နှစ်ပွဲကစား တစ်မှတ်စီ ရရှိထားသည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**

# ကျောက်ဆည်ခရိုင်ထွက် နနွင်းဈေးနှုန်းဈေးကွက်



ကျောက်ဆည် မတ် ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း၌ နနွင်းများကို ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ တူးဖော်လျက်ရှိရာ ယခုအချိန်တွင် နနွင်းများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိသည်။

နနွင်းများ စတင်တူးဖော်ချိန်တွင် ဈေးနှုန်းများ ကောင်းမွန်လျက်ရှိပြီး တောဝယ်နနွင်းအစို တစ်တင်းလျှင် ငွေကျပ် ၁၂၅၀၀-၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီလ ဒုတိယအပတ်မှစတင်၍ နနွင်းဈေးနှုန်းများ အနည်းငယ်ကျဆင်းလာပြီး ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် တောဝယ်နနွင်းတက်အစို တစ်တင်းလျှင် ငွေကျပ် ၁၁၂၀၀ ဖြင့်လည်းကောင်း၊ နနွင်းတက်အခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဖြင့်လည်းကောင်း၊ နနွင်းမှုန့်တစ်ဘူးလျှင် ငွေကျပ် ၁၀၀၀-၁၂၀၀ ဖြင့်လည်းကောင်း စသည့်ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် နနွင်းများကို ပွဲစားများက အခင်းအရောက်လာရောက်ဝယ်ယူ၍ ရေနွေးဖျော အခြောက်ခံကာ မြို့ပေါ်ပွဲရုံများသို့ တင်ပို့ရောင်းချသကဲ့သို့ အချို့ပွဲစားများမှာလည်း နနွင်းတက်အခြောက်များကို သိုလှောင်ထားပြီး ဈေးနှုန်းမြင့်တက်ချိန်မှသာလျှင် ရောင်းချကြကြောင်း၊ နနွင်းတက်များကို ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

# ကျားခေါင်းငရုတ်မျိုးများ စတင်ထွက်ရှိ



ကျောက်ဆည် မတ် ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဧက ၅၈၁၀ စိုက်ပျိုးထားရှိကြောင်း ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငရုတ်သီးနှံစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ကေလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်မျိုးများအနေဖြင့် ၆၉၂ ငရုတ်မျိုးနှင့် ကျားခေါင်းမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး ယခုအချိန်တွင် ကျားခေါင်းငရုတ်သီးများ စတင်ထွက်ပေါ်လျက်ရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်မှုမှာ ၁၀ တင်းနှုန်း၊ ပိဿာအားဖြင့် ပိဿာ ၈၀ ခန့်ထွက်ရှိပြီး ငရုတ်သီးအစို တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀-၂၄၀၀ ဈေးနှုန်းများဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် ငရုတ်သီးအစိုများကို ငရုတ်စိုက်ခင်းများအထိ လာရောက်ဝယ်ယူမှုများရှိသကဲ့သို့ နီးစပ်ရာ ပွဲရုံများသို့လည်း တင်ပို့ရောင်းချကြကြောင်း၊ ငရုတ် စတင်ထွက်ပေါ်ချိန်မှ ငရုတ်သီးအခင်းဖျက်သိမ်းချိန်အထိ ပိဿာ ၈၀၀-၉၀၀ အထိ ထွက်ရှိနိုင်ပြီး ငရုတ်သီးအရည်အသွေးနှင့် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ငရုတ်စိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

# ရွှေဘိုဈေးကွက်၌ ပဲစင်းငုံ(နီ)များ ဈေးနှုန်းအနည်းငယ်ကျဆင်း

ရွှေဘို မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဈေးကွက်သို့ ဇန်နဝါရီလ ဒုတိယပတ်မှစတင်၍ ပဲစင်းငုံ(နီ၊ဖြူ)များ စတင်ဝင်ရောက်ခဲ့သော်လည်း ဖေဖော်ဝါရီလ



နောက်ဆုံးပတ်တွင် ပဲစင်းငုံ(နီ) တစ်မျိုးသာ ဝင်ရောက်ခဲ့ပြီး ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းအနေဖြင့် ပဲစင်းငုံ(နီ)တစ်တင်းလျှင် ငွေကျပ် ၁၁၅၀၀၀ ပေါက်ဈေးရှိကာ တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၁၈၀၀၀ /တန်အားဖြင့် ၅၈၈ တန် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ဖေဖော်ဝါရီလ တတိယပတ်နှင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ် ဈေးနှုန်းများ နှိုင်းယှဉ်ပါက ဖေဖော်ဝါရီလ တတိယပတ်တွင် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ငွေကျပ် ၁၂၂၆၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ငွေကျပ် ၇၆၀၀ ဈေးလျော့နည်းခဲ့ကြောင်း၊ ပဲစင်းငုံသီးနှံများ အဝင်များ၍ ဈေးနှုန်းကျဆင်းရခြင်းဖြစ်ပြီး ဝင်ရောက်သမျှ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

# ရွှေဘိုဈေးကွက်သို့ မြေပဲလုံးဆန်များ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်

ရွှေဘို မတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဈေးကွက်သို့ မြေပဲလုံးဆန်(ဖြူ)များ ဖေဖော်ဝါရီလ တတိယပတ်မှ စတင်၍ ဝင်ရောက်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီလ



နောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် မြေပဲလုံးဆန်(ဖြူ) တစ်တင်းလျှင် ငွေကျပ် ၁၁၇၆၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တင်း ၄၅၀၀ /တန်အားဖြင့် ၁၀၃ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ တတိယပတ်နှင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ် ဈေးနှုန်းများနှိုင်းယှဉ်ပါက ဖေဖော်ဝါရီလ တတိယပတ်တွင် မြေပဲလုံးဆန်(ဖြူ) တစ်တင်းလျှင် ငွေကျပ် ၁၁၈၄၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် မြေပဲလုံးဆန်(ဖြူ) တစ်တင်းလျှင် ငွေကျပ် ၈၀၀ ဈေးနှုန်း လျော့နည်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၆.၃.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၃၃၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၂၁၅ | ၁၆၀၀၀ | ၃၅၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၃၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၅၉၀၀ | ၁၃၅၀၀ | ၃၅၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၁၃၅၀၀ | ၃၆၀၀ | ၁၉၆၀၀ | ၁၂၀၀၀ | ၈၂၀၀ | ၆၄၀၀ | ၁၀၀၀ | ၉၂၀၀ | ၆၉၀၀ | ၄၄၀၀ | ၃၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၄၁၅ | ၁၅၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၃၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၄၀၀၀ | ၂၉၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | | ၆၈၀၀ | ၁၄၀၀၀ | ၆၀၄၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၃၀၀၀ | ၂၆၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၆၅၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၆၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၆၅၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၈၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။

# လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း သဘောတူစာချုပ်များ လက်မှတ်ရေးထိုး

**ထားဝယ် မတ် ၆**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Petro & Trans Co.,Ltd တို့အကြား ချုပ်ဆိုခဲ့သည့် ထားဝယ်ခရိုင်နှင့် မြိတ်မြို့နယ်တို့အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း သဘောတူစာချုပ်များကို ပြင်ဆင်သည့် ပထမအကြိမ် ပြင်ဆင်ချက်စာချုပ်များ လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကူညီဆောင်ရွက်**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ထားဝယ်ခရိုင်နှင့် မြိတ်မြို့နယ်တို့အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း သဘောတူစာချုပ်သည် လေးနှစ်စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်သောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှာ အကြောင်းအမျိုးမျိုးကြောင့် လိုအပ်သော Second Wave ဂက်စ်တာဘိုင် ဖြစ်သွားမည်ဆိုပါက အစားထိုးပြီး ချက်ချင်းလည်ပတ် ပြင်ဆင်နိုင်အောင် လုပ်ဆောင်နိုင်သည့် နည်းလမ်းများ အပါအဝင် သွယ်တန်းထားသော ကေဘယ်လ်ကြိုးသာမက ထပ်မံသွယ်တန်းပြီး ဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Petro & Trans Co.,Ltdတို့အကြား ချုပ်ဆိုခဲ့သည့် ထားဝယ်ခရိုင်နှင့် မြိတ်မြို့နယ်တို့အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း သဘောတူစာချုပ်များကို ပြင်ဆင်သည့် ပထမအကြိမ်ပြင်ဆင်ချက်စာချုပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့တွင် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်

**ဘားအံ မတ် ၆**

ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့တွင် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း မတ် ၅ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်အညီ ယခင်နှစ်များထက် ပိုမိုထူးခြားစည်ကားစွာ ကျင်းပသွားမည်ဖြစ်ရာ လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်းတာဝန်ပေးအပ်ထားကာ အောင်မြင်စွာကျင်းပသွားနိုင်ရေး ကြိုတင်ဆောင်ရွက်မည့် အစီအမံများကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီအသီးသီးမှ အတွင်းရေးမှူးများက ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး၊ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲများကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း ဖွင့်လှစ်သင်ကြား



**ရန်ကုန် မတ် ၆**

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း (၁/၂၀၂၄)ဖွင့်ပွဲကို မတ် ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၌ ကျင်းပသည်။

**ပြန်လည်မသုံးစွဲမိစေရန်**

မူးယစ်ဆေးဖြတ်ပြီးသူများ မူးယစ်ဆေးပြန်လည်မသုံးစွဲမိစေရန် စေတနာ့ဝန်ထမ်းကြီးကြပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေလှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြန်လည်ထူထောင်ရေးခံယူပြီးသူများ မိမိတို့ပတ်ဝန်းကျင်သို့ ပြန်လည်ရောက်ရှိသည့်အခါ မူးယစ်ဆေးပြန်လည်မသုံးစွဲမိစေရေး ရပ်ရွာလူထုနှင့် ပူးပေါင်းကြီးကြပ်သွားရန်၊ မူးယစ်ဆေးသုံးစွဲသူဦးရေ လျော့နည်းပပျောက်ရန်၊ ဆုံးရှုံးနေသည့် မူးယစ်ဆေးလူငယ်များ၏လုပ်အားကို နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများတွင် အံဝင်ခွင်ကျ ပြန်လည်ပါဝင်လာစေရန်၊ ရပ်ရွာအတွင်းအခြေပြု ပြန်လည်ထူထောင်ရေးနည်းစနစ်များ ပြန့်ပွားခိုင်မာလာအောင် တည်ဆောက်ပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကိုထက်**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**နေပြည်တော် မတ် ၆**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆုရ "ယဉ်အောင်ဟိန်း" ရေးသားသည့် "ကျောက်သမား၊ ကျောက်စိမ်းနှင့် ကျောက်လောက" စာအုပ်ကို ၂၀၂၄ ခုနှစ် မတ်လ အသင်းပေးစာအုပ်အဖြစ် စာအုပ် အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# "ရယ်ရွှင်ပျော်" ဟာသတစ်ခန်းရပ်ပြဇာတ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်




**နေပြည်တော် မတ် ၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဖျော်ဖြေရေးအစီအစဉ်များ တိုးမြှင့်တင်ဆက်မှုတွင် "ရယ်ရွှင်ပျော်" ဟာသတစ်ခန်းရပ်ပြဇာတ် အစီအစဉ်ကို MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုအပတ်တွင် "ဖူးစာပါလို့ " ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ပတ္တမြားကေခိုင်စီစဉ်မှုဖြင့် နာမည်ကျော်လူရွှင်တော်များဖြစ်ကြသည့် ဖူးချစ်၊ အောင်ကိုဟိန်း၊ ထက်မြက်အောင်၊ ချမ်းချမ်းမိုး၊ ဝဒီထွန်း၊ လင်းလက်အောင်၊ ဦးဝါဝင်း၊ ပေါက်ကျော်၊ ဖြိုးကျော်နှင့် ဖြိုးကြွယ်တို့ ပါဝင်တင်ဆက်ကြမည်ဖြစ်ရာ MRTV-HD Channel မှ မတ် ၉ ရက် စနေနေ့ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းနှင့် မတ် ၁၃ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီသတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၂) စပါယ်လမ်း၊ စစ်တောင်းရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၃၂)၊ အခန်း(၁၀၂)ဟုခေါ်တွင်သော အလျား(၂၅)ပေ x အနံ(၃၅)ပေ ကျယ်ဝန်းသည့်(ပထမထပ်)၊ (မျက်နှာမူလျှင်) ညာဘက်ခြမ်း၊တိုက်ခန်းအမှတ်(၁၀၂)နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတရားဝင်လက်ရှိထားပိုင်ဆိုင်၍ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆိုဝန်ခံကတိပြုသူ ဦးအေးသန်း[၁၂/မဂတ(နိုင်)၀၆၂၀၃၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စွာထွန်း**
**LL.B, D.B.L, D.I.P, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၁၉)**
**အမှတ်(၇၂၄)၊ ယမနေ(၅)လမ်း၊ (၃၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ ၄၃၁၃၆၃၆၇**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၇၅၁/က၊ မြေကွက်တည်နေရာအမှတ်(၇၅၁/က)၊ ရာဇဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်အုံး(AE-131868) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အုံးအား တရားပြိုင်ထား၍ ဦးစိုးမြင့်၊ ဒေါ်မိုးမိုးခိုင်တို့မှ တရားလိုပြုလုပ်ကာ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့်စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၄၈/၂၀၂၃)၏စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၄၅/၂၀၂၃)၏အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း [၁၂/မရက (နိုင်) ၀၄၇၆၁၆]မှ တောင်ဥက္ကလာပမြို့နယ်တရားရုံး၏ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်/ကတ်၊ တရားရုံးအမိန့်များ၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ကွယ်လွန်သူ ဦးကျော်ရီနှင့် ကွယ်လွန်သူ ဒေါ်ဂျူလီတို့၏ အမွေဆက်ခံသူများဖြစ်သော (၁) ဒေါ်နှင်းလှ [၁၂/တတန(နိုင်)၀၂၉၆၃၈]၊ (၂)ဒေါ်မြည္ဟနွံ [၁၂/တတန(နိုင်)၀၂၉၆၂၄]၊ (၃)ဦးမြရွှေ [၁၂/တတန(နိုင်)၀၂၉၆၇၃]၊ (၄)ဒေါ်ကြူကြူသင်း [၂/သနပ(နိုင်)၀၈၂၇၅၅]၊ (၅) ဒေါ်ခင်ခင်ဝင်း [၁၂/ကမန(နိုင်)၀၃၀၈၅၂]၊ (၆)ဒေါ်ခင်လှမျိုး [၁၂/တတန(နိုင်)၀၂၉၆၃၇]၊ (၇)ဒေါ်သန်းသန်းထွေး [၁၂/တတန(နိုင်)၀၂၉၆၄၁]၊ (၈) ဦးဖအဲ [၁၂/ထတပ(နိုင်)၀၀၅၈၄၄]၊ (၉) ဒေါ်ဝင်းကြည် [၁၂/တတန(နိုင်)၀၂၈၈၃၄] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကွယ်လွန်သူ ဦးကျော်ရီနှင့် ကွယ်လွန်သူ ဒေါ်ဂျူလီတို့ ဇနီးမောင်နှံတွင် အမွေစားအမွေခံသားသမီးများ မရှိသဖြင့် ၎င်းတို့ ကျန်ရစ်ခဲ့သည့် တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ အလျား ၃၅ ပေ၊ အနံ ၃၃ ပေ အကျယ်ရှိ မြေနှင့် မြေပေါ်တွင် တည်ဆောက်ထားသော နှစ်ထပ်တိုက်ခံ အိမ် တစ်လုံးတို့ကို ဦးကျော်ရီနှင့် ဒေါ်ဂျူလီတို့၏ အမွေဆက်ခံသူအားလုံးက (၁၀-၂-၂၀၂၄) ရက်နေ့တွင် မိသားစုစီမံမှုဖြင့် ဒေါ်ခင်ခင်ဝင်းအား အသိသက်သေများရှေ့တွင် စာချုပ်စာတမ်းနှင့်တကွ လွှဲပြောင်းပေးအပ်ပြီးဖြစ်သည့်အတွက် ဖော်ပြပါ အိမ်မြေသည် ဒေါ်ခင်ခင်ဝင်းသာလျှင် အကျိုးသက်ဆိုင်ခွင့်၊ စီမံပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချမ်းမြေ့စန်းသွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၉၈)(၃၀-၁၁-၂၀၂၃)**
**ကျွန်းတော(၃)လမ်း၊ ကျွန်းတောရပ်ကွက်၊ တွံတေးမြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၀)၊ မြေကွက်အမှတ်(၅/က) ဟုခေါ်တွင်သည့် ဒေါ်ငွေလှိုင်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်၊ ဧရိယာ (၀.၀၂၇၅)ဧကရှိသည့်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၉၃/က)ဟုခေါ်တွင်သည့် ဒေါ်ငွေလှိုင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်၊ ဧရိယာ(၀.၀၂၇၅)ဧကရှိသည့် မြေကွက်တို့အား လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ငွေလှိုင်[၅/ ကလတ(နိုင်)၀၃၄၁၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် စာရွက်စာတမ်းအထောက်ထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**Myanmar Evangelical Presbyterian Churches Association**
**(MEPCA) ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာမောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၅၆၂)**
**တိုက်အမှတ်- 11/A၊ ခရေလမ်း၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉-၄၂၁၅၇၇၇၂၁၊ ၀၉-၇၆၅၃၀၆၇၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ ရွှေနံ့သာစံပြ(၁)လမ်း၊ အမှတ်(၅)၊ ကွင်းအမည်- ကုန်းဒလဘောင်၊ ကွင်းအမှတ်(၅၃၀C)ဟုခေါ်တွင်သည့် ဧရိယာ(အလျား ၅၃၀ပေ x အနံ ၁၅၀ပေ) ရှိသည့် မြေကွက်အား လက်ရှိထားပိုင်ဆိုင်သူ ဦးမြင့်အောင်[၈/ပဖန(နိုင်)၀၂၄၆၃၈]နှင့် ဧရိယာ(အလျား ၃၀၀ပေx အနံ ၁၅၀ပေ)ရှိသည့် မြေကွက်အား လက်ရှိထားပိုင်ဆိုင်သူ ဦးငြိမ်းချမ်းအောင်[၈/ပဖန(နိုင်)၁၂၀၀၂၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းအထောက်ထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**Myanmar Evangelical Presbyterian Churches Association**
**(MEPCA) ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာမောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၅၆၂)**
**တိုက်အမှတ်- 11/A၊ ခရေလမ်း၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉-၄၂၁၅၇၇၇၂၁၊ ၀၉-၇၆၅၃၀၆၇၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကျွန်းတောတောင်ကွင်း၊ ကွင်းအမှတ်(၅၇၂/ခ)၊ ဦးပိုင်အမှတ်(N/၆၄) ဟုခေါ်တွင်သည့် ဧရိယာ (အလျား ၁၅၀ပေx အနံ ၁၅၀ပေ)ရှိသည့် မြေကွက်အား လက်ရှိထားပိုင်ဆိုင်သူ ဦးထန်ဒေါ့ [၅/ကလထ(နိုင်)၀၀၁၉၅၈]နှင့် ဦးပြည်ကူး[၄/ပလဝ(နိုင်)၀၂၀၅၂၂]တို့ထံမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဖန်ခါးကုန်းရပ်ကွက်၊ ဂျပန်ဘုရားလမ်း၊ အမှတ်(၄၃)ဟုခေါ်တွင်သည့် ဦးအုန်းသွင်အမည်ပေါက် ဧရိယာ(အလျား ၂၂၇ပေxအနံ ၉၂ပေ)ရှိသည့်မြေကွက်အား လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ပုဏ်ဖွေး [၁၂/ဒလန(နိုင်)၀၇၁၁၈၈]ထံမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဖူးကြီးကျေးရွာအပိုင်၊ ဘိုကြီးကုန်းကွင်း၊ ကွင်းအမှတ်-၆၇၆၊ ဦးပိုင်အမှတ်(၂/၅)ဟုခေါ်တွင်သည့် ဦးထွန်းငွေအမည်ပေါက် ဧရိယာ(၁)ဧကရှိသည့် မြေကွက်အား လက်ရှိထားပိုင်ဆိုင်သူ ဦးဘသိန်းအောင်[၁၂/လမန(နိုင်)၁၀၃၈၃၀] ထံမှလည်း ကောင်း ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းအထောက်ထားမူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**Myanmar Evangelical Presbyterian Churches Association**
**(MEPCA) ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာမောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၅၆၂)**
**တိုက်အမှတ်- 11/A၊ ခရေလမ်း၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉-၄၂၁၅၇၇၇၂၁၊ ၀၉-၇၆၅၃၀၆၇၉၉**

**သုဝဏ္ဏ VIP 2 (၁)ထပ်တိုက်ရောင်းမည်။**
၂၉ ရပ်ကွက်၊ မြတ်ဝတ်ရည်လမ်းခွဲပေါက်။
ထောင့်ကွက်၊ လက်ရှိကုန်စုံဆိုင်ဖွင့်ထား။
ဂရံအမည်ပေါက် ၄၀'x၆၀' (မြေပြင် ၅၅'x၆၀')
၁၂၀၀ သိန်း (ညှိနှိုင်း)
09 43021001
09 421052930

## (၂၅-၂-၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅/ဘီ)၊ မြေကွက်အမှတ်(၁၅/၁)၊ ဧရိယာ (၀.၆၉၄)ဧကရှိ မြေကွက်နှင့် စပ်လျဉ်း၍ အရောင်းအဝယ်ပြုလုပ်ခြင်း အပေါ် ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၄-ရပ်ကွက်၊ ကျောက်စိမ်း(၃)လမ်း၊ အမှတ်(၁၅၁)နေ ဒေါ်စိုးစိုးအောင် (ဘ)ဦးသန်းအောင် [၁၂/ဥကတ(နိုင်)၀၄၈၃၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါမြေကွက်နှင့် စပ်လျဉ်း၍ ဦးမျိုးရွှေ (ကွယ်လွန်သူ ဒေါ်အေးအေးအောင်၏ တရားဝင်ကိုယ်စားလှယ်)က ဒေါ်ခင်လေးငယ်၊ ဒေါ်ခင်စန်းဦးနှင့် ဒေါ်စိုးစိုးအောင်တို့အပေါ် (ယခင်)ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်တွင် တရားမကြီးမှုအမှတ်-၁၇၂/၂၀၁၈၊ (ယခု)သင်္ဃန်းကျွန်းခရိုင် တရားရုံးတော်တွင် တရားမကြီးမှုအမှတ်- ၁၄၁/၂၀၂၂ဖြင့် "အမွေပုံစီမံခန့်ခွဲပေးစေလိုမှု" စွဲဆိုထားသည့်အမှုတွင် အမွေပုံပစ္စည်းတစ်ရပ်အဖြစ် ပါဝင်နေသည့် ပစ္စည်းတစ်ရပ်ဖြစ်ပါသည်။ ထို့အတွက် တရားရုံးမှ အမိန့်တစ်စုံတစ်ရာမချမှတ်မီ အမှုအတောအတွင်း အမှုဖြစ်ပစ္စည်းတစ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းမပြုပါရန် ကန့်ကွက်ကြေညာအပ်ပါသည်။

ယခုကဲ့သို့ ကန့်ကွက်ကြောင်းကြေညာထားပါလျက် အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ဆောင်ရွက်လာပါက ဖြစ်ပေါ်လာမည့် ကိစ္စအဝဝသည် ရောင်းသူနှင့်ဝယ်သူတို့၏တာဝန်သာဖြစ်ကြောင်းနှင့် အရောင်းအဝယ်ကိုလည်း အသိအမှတ်ပြုမည်မဟုတ်ကြောင်း အများသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ခန့်ကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၁၉)**
**အမှတ်(၄/ခ)၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၃၅၁၅၁၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ရေဝတီလမ်း၊ အမှတ်(၇)နေ ဦးမောင်မောင်အေး၊ ဒေါ်သီသီကြိုင်တို့၏သားဖြစ်သူ မောင်ဝေမျိုးကျော်[၁၂/အလန(နိုင်)၀၄၀၅၁၀] သည် မိဘများ၏ ဆိုဆုံးမစကားကို နားထောင်ခြင်း မရှိဘဲ မိဘသဘောမတူသူနှင့် အိမ်ထောင်ပြုခြင်း၊ မိဘနှစ်ပါးအား အဆက်အသွယ်မပြုခြင်းတို့ကြောင့် ယနေ့မှစ၍ မောင်ဝေမျိုးကျော်အား အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်**
**ဦးမောင်မောင်အေး**
**[၁၂/အလန(နိုင်)၀၂၉၄၂၉]**

**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅) နီလာ(၂)လမ်းသွယ်၊ မြေကွက်အမှတ်(၆၃၈) ဟုခေါ်တွင်သော (၄၀ × ၆၀)ပေအနက်မှ တရားဝင် မခွဲမစိတ်ရသေးသည့် (အမှတ်-၆၃၇ နှင့်ကပ်လျက်)မြေကွက်ကို လမ်းမျက်နှာမူပါက ညာဘက်/ ခြေရင်းခြမ်း၊ (၂၀ × ၆၀)ပေရှိ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေကို အပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ဖော်ပြပါမြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်အစပ်ဖြင့်ပိုင်ဆိုင်သူ **ဒေါ်မိုးစန္ဒာ**( ၁၂/လသန(နိုင်)၀၀၈၉၈၅ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်ထွေးစိန်**(၁၂/မရက(နိုင်)၁၃၄၃၁၂)က အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း တရားဝင်အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်သည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ထွေးစိန် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြတ်မင်းသိန်း**(LL.B) | **ဒေါ်သက်သက်ဆွေ**(LL.B) |
| DL.101(IP),WIPO(Switzerland) | DL.101(IP),WIPO(Switzerland) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၃) | အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၄) |

အမှတ်(၁၁၄၈)၊ယသာဝတီ(၁၇)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။
Phone - 09-968245587 , 09-448031054 , 09-764428101.

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ သဇင်(၅)လမ်း၊ မြေကွက်အမှတ်(၅၅၁)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (မြေကွက်အမှတ်(၅၅၂)နှင့်ကပ်လျက်ဘက်အခြမ်း)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ (မူရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြအောင် [၁၂/အစန(နိုင်)၀၈၇၇၄၉]အမည်ပေါက် ပါမစ်မြေ** ကွက်အဖြစ်တည်ရှိပြီး ယခုရောင်းချသူ ဒေါ်နွဲ့နွဲ့သန်း[၇/ကပက(နိုင်)၀၃၂၈၄၅] မှ **အရောင်းအဝယ် အဆက်စပ်စာချုပ်များဖြင့်** တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် **အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ** ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာဦး [၅/ဆလက(နိုင်)၀၅၆၇၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးချမ်းမွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၄၇)**
**အခန်း (၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၂၅၈၉၈၂၃**




## မွေးသက္ကရာဇ်အမှန်

မြောက်ဒဂုံမြို့နယ်၊ ၄၆ ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ်(၇၃၆)နေ ဦးထွန်းတင်၏ သား ဦးသောင်းဌေးဝင်း[၁၂/စခန(နိုင်)၀၆၀၅၃၇]၏ မွေးသက္ကရာဇ် အမှန်မှာ ၁၁-၂-၁၉၈၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၈/သပြေစမ်းရပ်၊ သပြေစမ်းကွက်သစ်မှ မြေဧရိယာ(၀.၀၈၂)ဧကရှိ မြေကွက်အမှတ် (ပ-၈၀)၏ မြေပေးမိန့် (မြေကွက်နေရာချထားပေးခြင်း လက်မှတ်) မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဒေါ်စိန်တုတ် မှတ်ပုံတင်အမှတ် [၉/ပမန(နိုင်)၁၂၃၃၈၅]၊ အဖအမည်၊ ဦးမြဒင်မှ မြေပေးမိန့်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ပေါ်ရှိ အဆောက်အဦဓာတ်ပုံများ တင်ပြပြီး မြေပေးမိန့် (မြေကွက်နေရာချထားပေးခြင်း လက်မှတ်) မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနလုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဝါဝါဝင်းလမ်း၊ အမှတ် (၄၄)၊ မြေညီထပ် တိုက်ခန်းနှင့် အကျယ်အဝန်း (၂၀ ပေ x ၄၀ ပေ)ရှိ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထား ပိုင်ဆိုင်သူ ဒေါ်အေးဆုမွန် [၅/ကလထ(နိုင်)၁၆၀၀၂၈] ကိုင်ဆောင်သူမှ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မူမူစော [၁၀/ကထန(နိုင်)၀၄၃၄၂၈] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းနှင့် မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစိမ်းသစ်လူ (LL.B)** | **ဒေါ်ခင်သန္တာလွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၂၆၁၉)** | **(စဉ်-၄၅၄၆၀)** |

**အမှတ်(၂၇၂/ခ)၊ (၈)လမ်း၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊**
**ပုလဲမြို့သစ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၈၆၇၈၈**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၈၁ နှင့်ဆက်နွယ်သည့်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၂၆

| | | |
|---|---|---|
| အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်(ရုံးချုပ်) (၎င်း၏ကိုယ်စားပြုသူ ဒေါ်နုနုခင် အထွေထွေမန်နေဂျာ) | နှင့် | ၁။ ဦးယဉ်မင်းဟန် ၂။ ဒေါ်ထက်ထက်လွင် |
| **တရားနိုင်** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အောင်သိပ္ပံလမ်း၊ (၂) ရပ်ကွက်၊ အမှတ်-၃၂၉ နေ (၁) တရားရှုံး ဦးယဉ်မင်းဟန် (၂)တရားရှုံး ဒေါ်ထက်ထက်လွင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

အထက်အမည်ပါ တရားနိုင်က ဤရုံးသို့ အမှတ်-၃၄(စီ)၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ် မြေနှင့်အိမ်ကို ကျပ် ၃၂,၀၀၀,၀၀၀,၀၀ဝိ/- (ကျပ်သိန်းပေါင်းသုံးသောင်းနှစ်ထောင်တိတိ) ဖြင့် လေလံတင် ရောင်းချလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၄ခုနှစ်၊ မတ်လ (၂၀)ရက် (၁၃၈၅ခုနှစ် ၊ တပေါင်းလဆန်း ၁၁ ရက်) နေ့၊ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ မတ်လ(၆) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးကြည်မောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းနှင့်ပတ်သက်၍ လူမျိုးကို အခြေခံသည့် ဖက်ဒရယ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်...

❖ နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကို ကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျင့်သုံးမှုချင်းတူညီမှုမရှိ...

❖ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အမျိုးသမီးများ ကဏ္ဍတွင် မြှုပ်နှံပေး**
ဆောင်းပါး စာမျက်နှာ » ၁၀

**ဖိလစ်ပိုင်နိုင်ငံ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ပီဆို တစ်ဘီလီယံကျော် ဆုံးရှုံး**
စာမျက်နှာ » ၁၃

**မုံရွာမြို့နယ် ခိုးသန်းကျေးရွာ ဒုတိယအကြိမ်မီးရှို့ခံရပြီး အိမ်ခြေ ၁၀၀ နီးပါး ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ**
စာမျက်နှာ » ၁၄

**သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် တင်သွင်းလာသည့် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များ သိမ်းဆည်းရမိ**
စာမျက်နှာ » ၁၅


## အိန္ဒိယနိုင်ငံ၌ပြုလုပ်သည့် နိုင်ငံတကာရေတပ်လေ့ကျင့်ခန်း (MILAN-2024)နှင့် (၆)ကြိမ်မြောက် အိန္ဒိယ-မြန်မာရေတပ်ဆိုင်ရာလေ့ကျင့်ခန်း (6th IMNEX) သို့ တက်ရောက်ခဲ့သည့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော စစ်ရေယာဉ်(ဆင်ဖြူရှင်) ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၆**

အိန္ဒိယနိုင်ငံ Visakhapatnam မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာရေတပ်လေ့ကျင့်ခန်း(MILAN–2024)နှင့် (၆)ကြိမ်မြောက် အိန္ဒိယ-မြန်မာ ရေတပ်ဆိုင်ရာ လေ့ကျင့်ခန်း(6th IMNEX)သို့ တက်ရောက်ခဲ့သည့် တပ်မတော်(ရေ)မှ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးဇော်ဦး ဦးဆောင်သော စစ်ရေယာဉ်(ဆင်ဖြူရှင်)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ပြန်လည်ရောက်ရှိရာ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းလူနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ☆



## MNL Cup ပြိုင်ပွဲတွင် ဟံသာဝတီ၊ ရတနာပုံ၊ အား/ကာသိပ္ပံနှင့် ရှောဝတီအသင်း နိုင်ပွဲရရှိ




ဟံသာဝတီအသင်းနှင့် Dagon Port အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ရန်ကုန် မတ် ၆**

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စု (ဂ၊ ဃ)ဒုတိယနေ့ပွဲစဉ်များကို မတ် ၆ ရက်က ဆက်လက်ကျင်းပရာ ဟံသာဝတီ၊ ရတနာပုံ၊ အား/ကာသိပ္ပံနှင့် ရှောဝတီအသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့် ပွဲတွင် ဟံသာဝတီအသင်းက Dagon Port အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် နှစ်ပွဲဆက် အနိုင်ရခဲ့သော်လည်း တန်းတက်

စာမျက်နှာ ၁၇ ကော်လံ ၄ သို့ ❖

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ ပြီးဆုံး

**ရန်ကုန် မတ် ၆**

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဒုတိယအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၈)ကို မတ် ၅ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

**အနိုင်ရခဲ့**

ပွဲစဉ်(၁၈)တွင် VUC အသင်းက လင်းလက်အသင်းကို လေးဂိုး-နှစ်ဂိုး၊ Futsal-19 အသင်းက လက်ဝဲသုန္ဒရအသင်းကို ရှစ်ဂိုး-လေးဂိုး၊ MIU အသင်းက M2K အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ဖူဆယ်ချစ်သူအသင်းက Dream Team အသင်းကို ငါးဂိုး-လေးဂိုး၊ Generations အသင်းက Winner Soccer အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ○